ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (13-8-2003) (၃၉၆၁)

ပုဗ္ဗေ စ ကတပုညတာ တော် မင်္ဂလ မုတ္တမံ။

ရှေးကောင်းမှုကံ ရှိခြင်းသည် မြတ်သော မင်္ဂလာမည်၏။

အနောက်နိုင်ငံကြီးအချို့ မြန်မာနိုင်ငံအပေါ် ဩဇာလွှမ်းမိုးနိုင်ရေး လုပ်ဆောင်လျက်ရှိ မိမိတို့နိုင်ငံအပေါ် ဆင်းရဲဒုက္ခကြုံတွေ့ရန် မည်မျှနှောင့်ယှက်ဟန့်တားသည်ဖြစ်စေ ပြည်သူများ၊ မိတ်ဆွေနိုင်ငံများကို အားထား၍ အဖျက်လုပ်ရပ်များကို ကျော်လွှားမည်

ရန်ကုန် ဩဂုတ် ၁၂

အမျိုးသားကျန်းမာရေးကော်မတီသို့ ဟောင်ကောင်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် ပြည်တွင်း၊ပြည်ပရှိ စေတနာရှင်များက လှူဒါန်းသည့် ကူးစက်မြန်ပြင်းထန် နမိုးနီးယား(အဆုတ်ရောင်) SARS ရောဂါကာကွယ်ရေး ကျန်းမာရေးသုံး အထောက်အကူပစ္စည်းများ၊ ပဋိဇီဝဆေးများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အလှူပစ္စည်းများကို လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယ တပ်မတော် ထောက်လှမ်းရေးမှူးချုပ်၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ဟောင်ကောင်မြို့ ကောင်စစ်ဝန်ချုပ်ရုံးနှင့် ပြည်ပရှိ စေတနာရှင်များကိုယ်စား ကောင်စစ်ဝန်ချုပ် ဦးမျိုးချစ်၏ ဇနီး ဒေါက်တာ ဒေါ်သင်းသင်းစိုးက လည်းကောင်း၊ မလေးရှားနိုင်ငံမှ အငြိမ်းစားဒုတိယဗိုလ်ချုပ်ကြီး Raji Dato' Abdul Rashid ကိုယ်စား တပ်မတော်ထောက်လှမ်းရေး ဌာနချုပ်ရုံးမှ ဒုတိယဌာနကြီးမှူး ဗိုလ်မှူးကြီးငွေထွန်းက လည်းကောင်း၊ ရန်ကုန်မြို့နေ ဒေါ်သက်စုနိုင်ကလည်းကောင်း ကျန်းမာရေးသုံးပစ္စည်းများနှင့် ဆေးဝါးများကို ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ★

လွှဲပြောင်းပေးအပ်

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က စေတနာရှင်များ လှူဒါန်းသော ကျန်းမာရေးသုံးပစ္စည်းများနှင့် ဆေးဝါးများကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်စဉ်။

(သတင်းစဉ်)

ချောင်းမကြီး(မြို့လှ)တမံ ရာနှုန်းပြည့်ပြီးစီး ၁၅၀ ခုမြောက် ရေလှောင်တမံအဖြစ် မကြာမီဖွင့်မည်

ကွင်းဆင်းလေ့လာရေးသားသူ–ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း–အောင်မိုး(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတော်ကြီးဖြစ်သည့်အလျောက် စိုက်ပျိုးရေး တိုးတက်ဖြစ်ထွန်းခြင်းသည် နိုင်ငံတော်၏ စီးပွားရေးဘဝကို တိုးပွားခိုင်မာစေသည်သာမက နိုင်ငံတော်၏ လူဦးရေ အများစုကြီးဖြစ်သည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးဘဝကိုပါ မြှင့်တင်ပေးရာရောက်သည့်အတွက် စိုက်ပျိုးရေး၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ဆည်မြောင်းတာတမံများကို နိုင်ငံတော်အစိုးရက အလေးထား တည်ဆောက်ပေးလျက်ရှိသည်။

ဖြန့်ကြက်တည်ဆောက်

နိုင်ငံတော်အစိုးရသည် ကျေးလက်နေပြည်သူများအား တိုက်ရိုက်အကျိုးပြုနိုင်သည့် ဆည်မြောင်းတာတမံများကို စီးပွားရေးအရ တွက်ခြေကိုက်မှုကိုသာ ဦးစားမပေးဘဲ အမှန်တကယ် ဒေသအလိုက် ဖြစ်နိုင်ခြေရှိသည့် နေရာတိုင်းတွင် ဖြန့်ကြက်တည်ဆောက်ပေးခဲ့သည်။ သို့ဖြစ်၍ ၁၉၈၈ ခုနှစ်မှစ၍ ယနေ့အထိ အချိန်တိုကာလအတွင်း ဆည်မြောင်းတာတမံပေါင်း ၁၄၉ခုကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပေပြီ။

ယင်းသို့ဒေသအလိုက် ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိရာတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ်အတွင်းရှိ မြို့လှမြို့မှ လေးမိုင်ခန့်အကွာ ချောင်းမကြီးချောင်းကိုပိတ်၍ တည်ဆောက်လျက်ရှိသော ချောင်းမကြီး(မြို့လှ) ရေလှောင်တမံသည် ရေတာရှည်မြို့နယ်အတွင်းရှိ မြေဧရိယာဧက ၃၀၀၀ ခန့်ကို ဆည်ရေပေးဝေ စိုက်ပျိုးနိုင်မည်ဖြစ်သည့်အတွက် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်နှင့် ဆည်ရေသောက်စနစ်တွင် ကြံစိုက်ပျိုးခြင်းဖြင့် တောင်ဇင်အေးနှင့် မြို့လှသကြားစက်တို့၏ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ➪

ရေတာရှည်မြို့နယ် ချောင်းမကြီး(မြို့လှ) ရေလှောင်တမံမှ ဆည်ရေသောက်ဧက ၃၀၀၀ သို့ ရေပေးဝေမည့် ရေထုတ်ပြွန်ကို ဩဂုတ် ၈ရက်က ဤသို့ တွေ့ရသည်။

[ဓာတ်ပုံ–အောင်မိုး(ကြေးမုံ)]

မြို့တော်မိုး ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ယနေ့ထုတ် စောင်ရေ

၂၁၀၉၈၁

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၃–၈–၂၀၀၃
(ဗုဒ္ဓဟူးနေ့)

ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အမျိုးသားကျန်းမာရေးစီမံကိန်း ချမှတ်ဖြည့်ဆည်း

ဧရာဝတီတိုင်း မအူပင်မြို့ ခုတင် ၂၀၀ ဆံ့ အထူးကုဆေးရုံသစ်ကြီး ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၀ ရက်နေ့က အဆိုပါဆေးရုံကြီး၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ ဆေးရုံသစ်ဖွင့်ပွဲကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားရာ၌ **နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးဆိုသည့် မွန်မြတ်မြင့်မားသော ဦးတည်ချက်ထားရှိပြီး အမျိုးသားကျန်းမာရေး အဆင့်အတန်း တိုးတက်မြင့်မားစေရအောင်၊ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပမာဏရော အရည်အသွေးပါ တိုးမြှင့်ပေးနိုင်စေရအောင် အမျိုးသားကျန်းမာရေး စီမံကိန်းများချမှတ်ပြီး စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း** ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် လူမှုရေးဦးတည်ချက် ချမှတ်ပြီး ကျန်းမာရေး အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများပါဝင်သည်။ ယခုအခါ ဆေးရုံများကို အဆင့်မြှင့်တင်ပေးလျက်ရှိရာ ၂၅ ခုတင်မှ ခုတင် ၅၀၊ ခုတင် ၁၀၀မှ ခုတင် ၂၀၀၊ ခုတင် ၃၀၀ ဆံ့ဆေးရုံကြီးများအထိ ဆေးရုံပေါင်း ၁၄၀ ကို အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်လာမှုကိုကြည့်လျှင် ၁၉၈၈ ခုနှစ်တွင် အထွေထွေနှင့် အထူးကုဆေးရုံကြီးများ အပါအဝင် ဆေးရုံပေါင်း ၆၁၇ ရုံသာရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် ဆေးရုံပေါင်း ၇၅၇ ရုံအထိ ရှိလာသည်ကို တွေ့ရသည်။

နိုင်ငံတော်က နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်ပြီး ကုသဆောင်ရွက်ပေးလျက်ရှိသည်။ နယ်စပ်ဒေသများတွင် ၁၉၈၈ ခုနှစ်က ဆေးရုံရှစ်ရုံ၊ ဆေးပေးခန်းခြောက်ခန်းသာ ဖွင့်လှစ်ထားနိုင်ခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် ဆေးရုံ ၅၂ ရုံ၊ ဆေးပေးခန်း ၈၂ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၂၉ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၁ ခုအထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ပြည်သူ့ကျန်းမာရေးအတွက် ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပြည်နယ်၊ တိုင်းမြို့ကြီးများနှင့် ခရိုင်အဆင့်ဆေးရုံကြီးများတွင် ရောဂါရှာဖွေမှု၊ ကုသမှုအရည်အသွေး တိုးမြှင့်ပေးနိုင်စေရန် ခေတ်မီဆေးရုံသုံးပစ္စည်းများကို ဖြည့်တင်းပေးလျက်ရှိသည်။ ၁၉၉၉–၂၀၀၀ ပြည့်နှစ်မှစ၍ ၂၀၀၂–၂၀၀၃ ခုနှစ်အထိ အဆိုပါပစ္စည်းများ ဖြည့်တင်းရေးအတွက် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၉ သန်းဖိုး ကျခံသုံးစွဲခဲ့ကြောင်း သိရသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ယခင်က ဆေးတက္ကသိုလ်ကြီးသုံးခုတွင် ကျောင်းသားဦးရေ၅၅၀သာ လက်ခံနိုင်ခဲ့သည်။ ယခုအခါ ဆေးတက္ကသိုလ်လေးခုတွင် ကျောင်းသူ၊ ကျောင်းသား ၂၂၅၀ ဦးကို လက်ခံသင်ကြားပေးလျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆရာဝန်အခြေအနေကို သုံးသပ်ကြည့်ပါက ၁၉၈၈ ခုနှစ်တွင် ၁၂၂၆၈ ဦးရှိရာမှ ယခု ၂၀၀၃ ခုနှစ်တွင် ဆရာဝန်အင်အား ၁၆၅၇၀ ဦး ရှိလာပြီဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ခုလုံးတွင်ရှိကြသည့် ဒေသအသီးသီး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုကို သတ်မှတ်ပြီး အကောင်အထည်ဖော်တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ ဖွံ့ဖြိုးရေးဒေသကြီး တစ်ခုစီတွင် တက္ကသိုလ်၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် ခုတင် ၂၀၀ ဆံ့ အထူးကုဆေးရုံကြီးများ ပါဝင်ဖွဲ့စည်းတည်ဆောက်ပေးလျက်ရှိရာ ယခုဖွင့်လှစ်လိုက်သည့် မအူပင်မြို့ ခုတင် ၂၀၀ ဆံ့ အထူးကုဆေးရုံကြီးသည် တစ်ခုအပါအဝင်ဖြစ်ပေသည်။

သို့ဖြစ်ရာ မိမိရပ်ရွာ၊ မိမိဒေသ၊ မိမိနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် နိုင်ငံတော်က အမျိုးသားကျန်းမာရေးစီမံကိန်းများ စနစ်တကျချမှတ်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးမှုကြောင့် ယခုအခါ အကျိုးရလဒ်ကောင်းများ ပေါ်ထွန်းလျက်ရှိသည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၃ခုနှစ် ကောဒသမအကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲအတွက် ရွေးချယ်ထားသော သီချင်းများ

(ယမန်နေ့မှအဆက်)

ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး

၉။ အခြေခံပညာ(၁၀–၁၅)နှစ်(အမျိုးသား)

(က)	ပရိယေသန	(ကိုမင်းနောင်)
(ခ)	အမေ့ပါးကသနပ်ခါး	(တွံတေးသိန်းတန်)
(ဂ)	တောခလေ့ရွာသာယာ	(တင်အောင်လေး)
(ဃ)	လုလင်ငယ်သွေး	(ကိုမင်းနောင်)

၁၀။ အခြေခံပညာ(၁၀–၁၅)နှစ်(အမျိုးသမီး)

(က)	အနုပညာသည်	(ဒေါ်မေစီ)
(ခ)	ဆံရစ်ဝိုင်း	(ကြည်ကြည်ဝင်း)
(ဂ)	မြန်မာ့ဂီတလှပဝေဆာ	(သင်းသင်းမြတ်)
(ဃ)	ကာယပညာတန်ဆောင်	(ပန်တျာတင်တင်မြင့်)

၁၁။ အခြေခံပညာ(၅–၁၀)နှစ်(အမျိုးသား)

(က)	ပုဂံအလှရှာပုံတော်	(ချိုဝေလွင်)
(ခ)	ကျွန်တော့်ရည်မှန်းချက်	(ခင်မောင်ချို)
(ဂ)	အညာတစ်ခေါက်	(ထွန်းထွန်းလေး)
(ဃ)	မမေ့သောအညာ	(သန်းထွန်းလေး)

၁၂။ အခြေခံပညာ(၅–၁၀)နှစ်(အမျိုးသမီး)

(က)	ပျိုလေးတို့ရွာလာခဲ့ပါ	(ခင်ခင်ညွန့်)
(ခ)	ပြည့်အင်အားသည်ပြည်တွင်းမှာသာရှိသည်	(ခင်စိုးဝင်း)
(ဂ)	ဖေဖေနဲ့မေမေ	(လှလှဝင်းလေး)
(ဃ)	လက်ပံပွင့်ကောက်အရောက်လာမယ်	(အေးအေးသွယ်နှင့်အဖွဲ့)

ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ

၁။ ပညာရှင်

(က)	ဇမ္ဗူကျွန်းလုံး	(သီချင်းခံ)
(ခ)	ခိုင်ပန်းစုံမှုန်မာလာ	(ယိုးဒယား)
(ဂ)	အောင်မင်္ဂလာ	(ယိုးဒယား)
(ဃ)	ထောင်ရောင်နေကသာ	(သီချင်းခံ)
(င)	သပြေပင်ဝန်း	(ကြိုး)
(စ)	ရွှေပန်းပန်နှင့်ကိုယ်တော်နှင်းနံ့	(လေးထွေသံကတ်)
(ဆ)	ဘုန်းများများမင်း	(ပတ်ပျိုး)
(ဇ)	ခွာပြာသင်း	(ပတ်ပျိုး)

၂။ ဝါသနာရှင်အဆင့်

(က)	ထူးမခြားနား	(သီချင်းခံ)
(ခ)	ကန္တာတောခြေ	(ယိုးဒယား)
(ဂ)	ချစ်သမျှကို	(ပတ်ပျိုး)

၃။ အဆင့်မြင့်ပညာအဆင့်

(က)	မြိုင်ဟေမာ	(ယိုးဒယား)
(ခ)	မှိုင်းရိပ်ကယ်တည့်	(ကြိုး)
(ဂ)	ပြည်ပြည်မင်းပေါင်း	(သီချင်းခံ)

၄။ အခြေခံပညာ(၁၅–၂၀)အဆင့်

(က)	ထွန်းလင်းလျှံလက်	(ပတ်ပျိုး)
(ခ)	မြိုင်ကြီးဟေမာ	(ယိုးဒယား)
(ဂ)	ရွှေနန်းအောင်ချာ	(ကြိုး)

၅။ အခြေခံပညာ(၁၀–၁၅)အဆင့်

(က)	စံရာတောင်ကျွန်း	(ကြိုး)
(ခ)	ဇေယျာအောင်ချာ	(ယိုးဒယား)
(ဂ)	ပဟိုရ်မြွက်သံ	(ပတ်ပျိုး)

၆။ အခြေခံပညာ(၅–၁၀)အဆင့်

(က)	ထွေတလာ	(ကြိုး)
(ခ)	သာယာ	(ကြိုး)
(ဂ)	သီတာ	(ကြိုး)

(ဆက်လက်ဖော်ပြပါမည်။)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ထမ်းမိသားစု သားသမီးများအတွက် ပညာသင်စရိတ် ထောက်ပံ့

ရန်ကုန် ဩဂုတ် ၁၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ သားသမီးများအတွက် ၂၀၀၃–၂၀၀၄ခုနှစ် ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားတက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးမောင်အောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ရွှေ၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားပြီး ဝန်ထမ်းသားသမီးများအတွက် ၂၀၀၂–၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ငါးဘာသာဂုဏ်ထူးရှင် သုံးဦး အပါအဝင် စုစုပေါင်း ကျောင်းသားကျောင်းသူ ၃၁ဦးတို့အတွက် ပညာရည်ချွန်ဆု ချီးမြှင့်ငွေများကို ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက လည်းကောင်း၊ ၂၀၀၃–၂၀၀၄ခု ပညာသင်ထောက်ပံ့ကြေးအဖြစ် ကျောင်းသား ကျောင်းသူ ၆၁၅ဦးတို့အတွက် ထောက်ပံ့ငွေများကို ဒုတိယဝန်ကြီး ဦးမောင်အောင်က လည်းကောင်း ကိုယ်စားလှယ်အသီးသီးအား ပေးအပ်ချီးမြှင့်ကြပြီး ဦးစီးဌာနများမှ ဝန်ထမ်းမိသားစုများကိုယ်စား ကိုယ်စားလှယ်နှစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာတရားစခန်း

ရန်ကုန် ဩဂုတ် ၁၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ မြသိန်းတန်ဘုရားကြီးကျောင်းတိုက်၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဲခူးမြို့ စိန်ထွန်းရပ်ကွက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၂၀၅)မှ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သူရိယ မထေရ်မြတ်က ဝါခေါင်လပြည့်ကျော် ၂ရက်မှ ၆ရက်(ဩဂုတ် ၁၄မှ ၁၈ရက်)ထိ ငါးရက်တရားစခန်းကို ခန္ဓာဉာဏ်ရောက် ဟောကြားပြသမည်ဖြစ်ရာ တရားဝင်လိုသူ ယောဂီများသည် ဝါခေါင်လပြည့်ကျော် ၁ရက်(ဩဂုတ် ၁၃)ညနေအရောက် လာရောက်ကြရန်နှင့် အကျိုးဆောင်အဖွဲ့ ဖုန်း ၀၅၂–၂၃၈၂၂ သို့ ကြိုတင် စာရင်းပေးနိုင်ကြောင်း သိရသည်။ (က–ပ)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ၂၀၀၂–၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်းသားသမီးတစ်ဦးအား ဆုချီးမြှင့်စဉ်။ (လဝက)

ဒါတွေကို သိဖို့လိုတယ်

- ✳ မြောက်တိုင်းလည်း မမြောက်နဲ့
- ✳ ခြောက်တိုင်းလည်း မကြောက်နဲ့
- ✳ ချော့တိုင်းလည်း မပျော့နဲ့

ပတ်ဝန်းကျင်ထိန်းသိမ်းရာ၌ သမ္မတဘုရှ်မှာ သမိုင်းတွင် အဆိုးဆုံးသမ္မတဖြစ် ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ဂျိုးဇက်လိုက်ဘားမင် ဝေဖန်

မန်ချက်စတာ ဩဂုတ် ၁၁

အမေရိကန်နိုင်ငံ ဒီမိုကရက်တစ်ပါတီမှ အမေရိကန်သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်သူ ကိုးဦးအနက် တစ်ဦးဖြစ်သူ ကွန်နက်တီးကပ်ပြည်နယ် ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ဂျိုးဇက်လိုက်ဘားမင်က စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသည့် မိမိတို့နိုင်ငံတွင် ခေါင်းဆောင်သစ် လိုအပ်နေပြီဖြစ်ကြောင်း ၎င်းအား ထောက်ခံသူများကို ယမန်နေ့က ပြောကြားလိုက်သည်။

ဘာသာရေးတွင် ဆန္ဒပြ

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့ အုပ်ချုပ်ရေးရုံး အပြင်ဘက်၌ မကျေမနပ်ဖြစ်နေကြသည့် အီရတ်နိုင်ငံသား ဆန္ဒပြသမားများအား ဗြိတိသျှတပ်သားများက နောက်သို့ ဆုတ်ခိုင်းနေသည်ကို ဩဂုတ် ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ယုံကြည်

လက်ရှိအစိုးရ မူဝါဒများနှင့် စပ်လျဉ်း၍ ၎င်းက သမ္မတဘုရှ်အား ဝေဖန်တိုက်ခိုက်ပြောဆိုသည်။ ဘတ်ဂျက်အရ အသုံးမှုတပြီး အလုပ်အကိုင်များ ဖန်တီးပေးကာ ပြည်သူများ တတ်စွမ်းနိုင်သည့် ငွေကြေးဆောင်အတွင်းမှနေ၍ အထက်တန်းပညာရပ်များ သင်ယူနိုင်ခွင့်ရှိစေမည့် နိုင်ငံတော်အဖြစ် ရောက်ရှိရန် မိမိမျှော်မှန်းထားကြောင်း၊ ယင်းမျှော်မှန်းချက်များရရှိပြီး ထွန်းတောက်သော အနာဂတ် အမေရိကန်နိုင်ငံပေါ်ပေါက်ရေးအတွက် မိမိ၏ အတွေ့အကြုံ၊ မိမိ၏ အစဉ်အလာနှင့် စီမံကိန်းများက မိမိနှင့်တကွ ရဲဘော်ရဲဘက်လုပ်ဖော်ကိုင်ဖက်များကို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု မိမိယုံကြည်ကြောင်း လိုက်ဘားမင်က ပြောကြားလိုက်သည်။

ဝေဖန်

သမ္မတဘုရှ် အစိုးရ၏ စီးပွားရေးကိုင်တွယ်မှုဖြစ်သော အကောက်ခွန်အပေါ် သဘောထားနှင့် အီရတ်စစ်ပြီးကာလ အခြေအနေအပေါ် ကိုင်တွယ်မှုတို့ကိုလည်း ၎င်းက ဝေဖန်လိုက်သည်။

အဆိုးဆုံး

ထို့ပြင် သမ္မတ ဘုရှ် အစိုးရ၏ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ ၎င်းက ဝေဖန်ရာ၌ အမေရိကန်သမိုင်းတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စ၌ သမ္မတဘုရှ်မှာ အဆိုးဆုံးသမ္မတဖြစ်သည်ဟု ထောက်ပြဝေဖန်လိုက်သည်။

အင်တာနက်။

တီကရစ်မြို့အနီး ပေါက်ကွဲမှုဖြစ်ပွား အမေရိကန် စစ်စခန်းကို ပစ်ခတ်

ဘဂ္ဂဒက် ဩဂုတ် ၁၁

အီရတ်နိုင်ငံ တီကရစ်မြို့အနီးတွင် တနင်္ဂနွေနေ့အစောပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အမေရိကန်စစ်သည်နှစ်ဦး ဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

မြို့တော်ဘဂ္ဂဒက် မြောက်ဘက် ကီလိုမီတာ ၁၆၀ အကွာရှိ တီကရစ်မြို့တွင် တနင်္ဂနွေနေ့ နံနက် ၉ နာရီခွဲက အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း အမေရိကန်အမှတ်(၄) ခြေလျင်တပ်မ၏ အမှတ်(၁) တပ်ရင်းမှ ပြောရေးဆိုခွင့်ရှိသူ ထရှိုင်စမစ်က ပြောကြားသည်။

ဖမ်းဆီး

ထိုစဉ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များသည် တီကရစ်မြို့မြောက်ဘက် ကီလိုမီတာ ၄၀ အကွာ ဘောဂျီမြို့ရှိ စစ်စခန်းတစ်ခုအား မော်တာဗုံးများဖြင့် တိုက်ခိုက်ခဲ့သည်ဟု သင်္ကာမကင်းခံရသော အီရတ်လူမျိုးသုံးဦးကို ဖမ်းဆီးလိုက်ကြောင်း အခြားစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပစ်မှတ်လွဲချော်

အမေရိကန်စစ်စခန်းအား ပစ်မှတ်ထား၍ မော်တာဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သော်လည်း ပစ်မှတ်လွဲချော်ခြင်းကြောင့် မည်သည့်အမေရိကန်စစ်သည်မျှ ဒဏ်ရာမရရှိကြောင်း စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် အမေရိကန်စစ်သည် အသေအပျောက်များ အမေရိကန်ပြည်တွင်း၌ ပြည်သူများ မကျေမနပ်ဖြစ်လာ

ဝါရှင်တန် ဩဂုတ် ၁၁

တပ်သား ကေလီဂီးဘတ်သည် အမေရိကန်နိုင်ငံ ဘရစ်တယ်ဘိုရိုဒေသမှ ဖြစ်သည်။ သူသည် အမေရိကန်သမ္မတဘုရှ်က အီရတ်နိုင်ငံတွင် အဓိကတိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဟု ကြေညာခဲ့ပြီးနောက်ပိုင်းတွင် သေဆုံးခဲ့ကြရသော အမေရိကန်စစ်သားများအနက် တစ်ဦးအပါအဝင် ဖြစ်သည်။

— ချုံခိုတိုက်ခိုက်ခံရ —

လွန်ခဲ့သော သီတင်းပတ်က ဂီးဘတ်နှင့်သူ၏ တပ်ဖွဲ့မှာ အီရတ်နိုင်ငံ၌ ချုံခိုအတိုက်ခံခဲ့ရပြီးနောက် ဦးခေါင်းတွင် သေနတ်ထိမှန်ပြီး ၎င်းသေဆုံးသွားခဲ့ရခြင်းဖြစ်သည်။

အီရတ်စစ်ပွဲအတွင်း ဂီးဘတ်အပါအဝင် အမေရိကန်နိုင်ငံ ဗားမောင့်နယ်မှ သေဆုံးခဲ့ရသော စစ်သည်လေးဦး ရှိသွားပြီဖြစ်သည်။ ၎င်းတို့မှာ မက်အိဗ်နင်၊ အီရစ်ဟီဗာဘင်၊ ဂျာဆွန်ဂါဗီနှင့် ကေလီဂီးဘတ်တို့ဖြစ်သည်။

အီရတ်တွင် စစ်သားသေဆုံးမှု များပြားလာသည့် ပြဿနာကြောင့် အမေရိကန်ပြည်တွင်း၌ အငြင်းအခုံတိုးပွားလာသည်။

လူအများက အမေရိကန်တပ်ဖွဲ့များကို အီရတ်မှ ပြန်ရုပ်သိမ်းသင့်ပြီဟု ဆိုကြသည်။ အချို့ကလည်း အမေရိကန် စစ်ဘက်ဆိုင်ရာများသည် အလုပ်ကို စခဲ့ပြီးဖြစ်၍ ခရီးဆုံးအောင် လုပ်ရတော့မည်ဟု သဘောရကြသည်။

— ဂုဏ်ပြုထိုက် —

အများစုက သေဆုံးသွားသူများကို ၎င်းတို့၏ စွန့်လွှတ်စွန့်စားမှုအတွက် ဂုဏ်ပြုထိုက်သည်ဟု မြင်ကြသည်။

စစ်ဘက်ဆိုင်ရာ သတင်းများအရမူ သောကြာနေ့အထိ အမေရိကန် အသေအပျောက်မှာ ၂၅၇ ဦးရှိသွားပြီဟု ဆိုသည်။

အင်တာနက်။

နိုင်ငံတကာသတင်းများ

ခတ္တမန္ဒူ လေဆိပ်၌ ဆေးခြောက်များ ဖမ်းမိ

ခတ္တမန္ဒူ ဩဂုတ် ၁၁

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ရှိ ထရီဘူဗန်နိုင်ငံတကာလေဆိပ်မှ ရဲတပ်ဖွဲ့သည် နီပေါနိုင်ငံသားတစ်ဦးအား စနေနေ့က ဖမ်းဆီးလိုက်ပြီး ၎င်း၏ ခရီးဆောင်အိတ်အတွင်းနှင့် ၎င်း၏ ကိုယ်ခန္ဓာအတွင်း ဝှက်ယူလာသည့် ဆေးခြောက် ၁၁ ဒသမ ၇ ကီလိုဂရမ်ကို သိမ်းဆည်းရမိလိုက်သည်။

ဟောင်ကောင်ကို ထွက်ခွာမည့် ရှိုင်ရယ်နီပေါ လေကြောင်းလိုင်းမှ လေယာဉ်ပေါ်သို့တက်ရန် ကြိုးပမ်းစဉ် ကာရီဂူရွန်အမည်ရှိ နီပေါနိုင်ငံသားအား ဖမ်းဆီးလိုက်ခြင်းဖြစ်သည်ဟု လေဆိပ်ရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဌာနခွဲ ကြီးကြပ် ရဲမှူး ဟမ်မန့်မယ်လာက ပြောကြားကြောင်း ခတ္တမန္ဒူပို့စ်သတင်းစာက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

လေဆိပ် ရဲတပ်ဖွဲ့ဝင်များသည် ဂူရွန်နှင့်အတူ ပါလာသည့် ခရီးဆောင်အိတ်အတွင်းမှ ဒိန်ခဲဘူး ၃၀ အတွင်း ဝှက်ယူလာသည့် ဆေးခြောက်များကို ရှာဖွေတွေ့ရှိခဲ့ကြောင်း မယ်လာက ပြောကြားသည်။

ဆေးခြောက်များပါဝင်သည့် မူးယစ်ဆေးပြား အများအပြားကို မျိုချခဲ့ကြောင်း ဂူရွန်က ဝန်ခံပြောကြားသည်။ ရဲတပ်ဖွဲ့များက ၎င်းအား ဘီရိရင်ဒရာရဲတပ်ဖွဲ့ ဆေးရုံသို့ ခေါ်ဆောင်သွားရာ ဆေးရုံ၌ ဆရာဝန်များက ဂူရွန်၏ ကိုယ်ခန္ဓာထဲမှ ဆေးခြောက် ဂရမ် ၅၀၀ ကို ထုတ်ယူခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ချယ်ရတီဒိုင်းဘောလုံးပြိုင်ပွဲ

အင်္ဂလိပ်ပရီမီယာလိဂ်အကြို ချယ်ရတီဒိုင်း ဘောလုံးပြိုင်ပွဲကို အင်္ဂလန်ကာဒစ်မြို့ရှိ ထောင်စုနှစ် အားကစားကွင်းတွင် ကျင်းပရာ မန်ချက်စတာယူနိုက်တက်အသင်း ဂိုးသမား တင်ဟောင်းဝပ်(ယာ)က အာစင်နယ်အသင်းမှ ဖရန့်စစ်ဂျက်ဖာ ဘောလုံးပြေးဆွဲလာသည်ကို ကြားဖြတ်ဟန့်တားကာကွယ်နေစဉ်။ (ထိုပွဲတွင် မန်ယူက ပိုင်နယ်တီအဆုံးအဖြတ် လေးဂိုး–သုံးဂိုး ဖြင့် နိုင်သည်။)

(ဓာတ်ပုံ–အင်တာနက်)

ဘင်္ဂလားဒေ့ရှ် ဓာတ်ငွေ့အသုံးပြုမှု ပမာဏ ထုတ်လုပ်မှု အမြင့်ဆုံးပမာဏထက် ကျော်လွန်

ဒါကာ ဩဂုတ် ၁၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပြည်တွင်း ဓာတ်ငွေ့ အသုံးပြုမှု ပမာဏသည် ဓာတ်ငွေ့ ထုတ်လုပ်မှု အမြင့်ဆုံး ပမာဏထက် ကျော်လွန်သွားပြီ ဖြစ်ကြောင်း ဖိုင်နင်ရှယ် အိပ်စ်ပရက်စ် သတင်းစာက စနေနေ့တွင် ရေးသားလိုက်သည်။

ဘင်္ဂလားဒေ့ရှ်၏ လက်ရှိဓာတ်ငွေ့ ထုတ်လုပ်မှု အမြင့်ဆုံးပမာဏ စွမ်းအားသည် နေ့စဉ် ကုဗပေ သန်း ၁၂၆၀ ဖြစ်သည်။ သို့ရာတွင် နေ့စဉ်နီးပါး ဓာတ်ငွေ့ လိုအပ်ချက်မှာ လွန်ခဲ့သည့် ရက်သတ္တပတ်ရက်များတွင် ကုဗပေ ၁၂၇၅ သန်းမှ ၁၂၈၄ သန်းအတွင်း ရှိနေသောကြောင့် ဒါကာမြို့တော် မြောက်ပိုင်း စက်မှုဒေသများတွင် ဓာတ်ငွေ့ လျှော့သုံးနေရကြောင်း ၎င်းသတင်းစာက ဖော်ပြထားသည်။

လက်ရှိ နွေရာသီတွင် ဓာတ်ငွေ့အသုံးပြုပမာဏသည် နိုင်ငံပိုင် ပီထရိုဘန်ဂလာကုမ္ပဏီက ခန့်မှန်းချက်ထက် ကျော်လွန်သွားပြီဖြစ်ရာ အခြေအနေ တိုးတက်မှုမရှိဘဲ ယခုအတိုင်းသွားနေပါက ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြို့တော် ဒါကာသည် ဆိုးရွားသည့် စွမ်းအင်အကျပ်အတည်းနှင့် တွေ့ဆုံနိုင်ကြောင်း ၎င်းသတင်းစာက ဆက်လက်ရေးသားထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ချောက်ချားနေသော အမေရိကန်စစ်သားများက ပစ်ခတ် အိမ်ပြန်လာသော အီရတ်လူမျိုးခြောက်ဦး သေဆုံးရ

ဘဂ္ဂဒက် ဩဂုတ် ၁၁

ဘဂ္ဂဒက်မြို့မြောက်ဘက် စလင်ဆင်ခြေဖုံးရပ်ကွက်တွင် ပူစပ်ပူလောင်လေထုသည် ညအမှောင်ကို လွှမ်းခြုံလျက်ရှိသည်။ ည ၉ နာရီခန့်တွင် ထရန်စဖော်မာ လျှပ်တာပြောင်းကိရိယာတစ်ခု မီးလောင်ပေါက်ကွဲသွားပြီး အနီးဝန်းကျင်တစ်ခုလုံး မှောင်ကျသွားသည်။

နိုးနိုးကြားကြား

အမေရိကန်စစ်သားများသည် ဖုံးဖြင့်အတိုက်ခံရမည့်အန္တရာယ်ကို စိုးရိမ်သဖြင့် နိုးနိုးကြားကြားရှိနေကြသည်။ ၄၅ မိနစ်ခန့်အကြာတွင် သေနတ်ပစ်ခတ်မှုများ ဖြစ်ပေါ်လာသည်။

ထိုပစ်ခတ်မှုကြောင့် ည ၁၁ နာရီ ကာဖျူးအမိန့်အရ အိမ်ပြင်မထွက်ရဟု တားဆီးထားသည့် အချိန်မတိုင်မီ အိမ်အရောက်ပြန်လာကြသော အီရတ်လူမျိုးခြောက်ဦး သေနတ်ထိမှန် သေဆုံးကြရတော့သည်။

ဆုံးရှုံး

အသက် ၃၀ နှစ်အရွယ်ရှိ အန်ဝါကာဝဇ်ဆိုသူ အမျိုးသမီးမှာ ကလေးလေးဦး၏ မိခင်ဖြစ်သည်။ သူမမှာ လင်သားနှင့် ကလေးသုံးဦး ဆုံးရှုံးသွားရသည်။

ဂရုမစိုက်

ကျွန်မတို့ဟာ မိသားတစ်စုပါ။ မပစ်ပါနဲ့လို့ တစာစာ အော်ပြီး တောင်းပန်နေခဲ့ပါတယ်။ ဒါပေမယ့် ဘယ်သူမှဂရုမစိုက်ကြပါဟု ပြောပြရာသည်ဟု သူမက အေပီသတင်းဌာနသို့ အထက်ပါအဖြစ်အပျက်ကို ပြောပြသည်။

၅၆ ဦး

အီရတ်တွင် နေ့စဉ်ပင် အမေရိကန်များမှာ ပြောက်ကျားစစ်ဆင်မှုနှင့် ကြုံနေရသည်။ မေလ ၁ ရက်မှ ယခုအချိန်အထိ အမေရိကန်စစ်သား သေဆုံးမှုမှာ ၅၆ ဦး ရှိသွားပြီဖြစ်သည်။ ညအခါ၌ ကာဖျူးအချိန်မတိုင်မီ မထင်မှတ်ဘဲ ကင်းချထားသော အမေရိကန်စစ်ဆေးရေးဂိတ်များကြောင့် အပြစ်မဲ့ အီရတ်ပြည်သူအများအပြား သေဆုံးခဲ့ရသည်ဟု အီရတ်တို့က မကျေမနပ် ဆိုကြသည်။

မှားယွင်းပစ်ခတ်

ယာဉ်မောင်း အများစုက အလျင်စလို အိမ်ပြန်ကြရသော လမ်းပေါ်တွင် စစ်သားများကို ၎င်းတို့ သတိမထားမိကြသလို ၎င်းတို့အား ရပ်တန့်ရန် လှမ်း၍ အမိန့်ပေးသည်ကိုလည်း မကြားမိကြပါဟု ပြောပြကြသည်။ မျက်မြင်သက်သေများက ပစ်ခတ်မှုများဖြစ်ပွားနေစဉ် အတောအတွင်း စစ်သားတစ်ဦး စူးရှစွာအော်ပြီး လဲကျသွားသည်ကို တွေ့ရသည်။ အချင်းချင်း မှားယွင်းပစ်ခတ်မှုကြောင့် ဖြစ်ဟန်ရှိကြောင်း အေပီသတင်းဌာနသို့ ပြောပြသည်။

သေနတ်မှန်ထားသူ အဒယ်ကာဝဇ်မှာ ဒဏ်ရာဖြင့် နောက်တစ်နာရီမက ရှင်နေသေးသည်။

ပစ်ခတ်မှုဖြစ်ပွားရာ လမ်းထောင့်တွင်နေသူ အာစလန်က ကာဝဇ်ကို ကားအတွင်းမှထုတ်ရန် ကြိုးစားသော်လည်း မရခဲ့ပါ။ အသက် ၁၈ နှစ်သား ဟေဒါမှာ ကားနောက်တွင်ထိုင်လျက်သား သေနတ်ဒဏ်ရာနှင့်ရှိနေသည်။ ၁၇ နှစ် သမီး အိုလာမှာ ကားတွင်း၌ပင် အသက်ပျောက်ခဲ့ရသည်။ ည ၁၁ နာရီခန့်၌ စစ်သားများ ထွက်သွားသောအခါ အနီးအနားမှ လူများက မောင်နှမနှစ်ယောက်၏ အလောင်းများကို လမ်းမပေါ်ချပြီး အဝတ်နှင့် လွှမ်းထားခဲ့ကြသည်။ ***အင်တာနက်။***

ဩဂုတ် ၉ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လက်လုပ်ဗုံးတစ်လုံးကြောင့် အမေရိကန်စစ်ရဲ့ ဟမ်းဗီးကားတစ်စီး အကြီးအကျယ်ပျက်စီးခဲ့ရသည့် လမ်းမပေါ်တွင် စောင့်ကြပ်နေသော အမေရိကန် အမှတ်(၈၂) လေကြောင်းချီတပ်မမှ တပ်သားများအား တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



ဆော်ဒီဘုရင်နှင့် ပါလက်စတိုင်းဝန်ကြီးချုပ် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး အမြင်ချင်းဖလှယ်ဆွေးနွေး

ကူဝိတ်စီးတီး ဩဂုတ် ၁၁

ဆော်ဒီအာရေဗျဘုရင် ဖာ့ဒ်ဘင်အဗ္ဗဒယ်အဇစ်သည် အလည်အပတ်ရောက်ရှိနေသည့် ပါလက်စတိုင်းဝန်ကြီးချုပ် မိုဟာမက်အဘတ်စ်နှင့် ဆော်ဒီအာရေဗျနိုင်ငံ ပင်လယ်နီဆိပ်ကမ်းမြို့ ဂျက်ဒါ၌ တွေ့ဆုံဆွေးနွေးကြကြောင်း ကူဝိတ်တရားဝင်သတင်းဌာနက ဖော်ပြသည်။

အမြင်ချင်းဖလှယ်

၎င်းတို့နှစ်ဦးတွေ့ဆုံရာတွင် ပါလက်စတိုင်းနယ်မြေများ၌ ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအစီအစဉ် အကောင်အထည်ဖော်၍ ရရှိခဲ့သည့်အောင်မြင်မှုများကို နှစ်ဦးနှစ်ဖက် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ပါလက်စတိုင်းဝန်ကြီးချုပ် အဘတ်စ်သည် မကြာသေးမီက ဝါရှင်တန်သို့ အလည်အပတ် ခရီးစဉ်နှင့်ပတ်သက်၍ ဘုရင်ဖာ့ဒ်အား ရှင်းလင်းတင်ပြသည်။ ဝါရှင်တန်ခရီးစဉ်အတွင်း အဘတ်စ်သည် အမေရိကန် သမ္မတဂျော့ဒ်ဗလျူ ဘုရှ်နှင့် တွေ့ဆုံကာ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့တိုးဆောင်ရွက်ရေး နည်းလမ်းများကို ဆွေးနွေးကြသည်။

ပထမဆုံး ပင်လယ်ကွေ့ခရီး

ဖာ့ဒ်နှင့်အဘတ်စ်တို့သည် မကြာသေးမီက အာရပ်ကမ္ဘာနှင့် နိုင်ငံတကာ ဖြစ်ပေါ်ပြောင်းလဲမှုများကိုသာမကဘဲ နှစ်ဦးနှစ်ဖက်ဆက်ဆံရေးများကိုလည်း အပြန်အလှန် အမြင်ချင်းဖလှယ်ကြသည်။ အဘတ်စ်သည် ၎င်း၏ ပထမဆုံး ပင်လယ်ကွေ့ခရီးစဉ်အဖြစ် ဆော်ဒီအာရေဗျနိုင်ငံသို့ ကြာသပတေးနေ့နှောင်းပိုင်းတွင် ရောက်ရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန်အပူချိန် နှစ် ၁၃၀ ခန့်အတွင်း စံချိန်တင်မြင့်တက်လာ

လန်ဒန် ဩဂုတ် ၁၁

ဗြိတိန်နိုင်ငံ၏ အပူချိန်သည် ၃၇ ဒသမ ၉ ဒီဂရီ စင်တီဂရိတ်အထိ တနင်္ဂနွေနေ့တွင် မြင့်တက်လာခဲ့ပြီး လွန်ခဲ့သည့် နှစ် ၁၃၀ ခန့်က စတင် မှတ်တမ်းတင်ခဲ့ပြီးသည့်နောက် အပူဆုံးနေ့တစ်နေ့အဖြစ် ရောက်ရှိနေကြောင်းဖြင့် ဗြိတိန်မိုးလေဝသရုံးက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

အဆိုပါ အပူချိန်မှတ်တမ်းကို လန်ဒန်မြို့အနောက်ပိုင်းရှိ ဟီသရိုးလေဆိပ်တွင် ဒေသစံတော်ချိန် ၁၅ နာရီတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်က ချယ်တင်ဟမ်၏ အပူစံချိန်နှင့် နှိုင်းယှဉ်ပြသထားခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ ၎င်းအပူရှိန်နှင့်အတူ ပြင်းထန်သော မိုးသက်မုန်တိုင်းများ၊ မိုးသည်းထန်စွာရွာသွန်းမှုနှင့် မိုးကြိုးပစ်မှုများသည် အင်္ဂလန်မြောက်ဖျားပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ကျရောက်သည်။

ဘာမင်ဂမ်တွင် တနင်္ဂနွေနေ့ မွန်းလွဲပိုင်းက ဘောလုံးပွဲတွင် မိုးကြိုးပစ်ရာ လူ ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အမျိုးသမီးတစ်ဦးအား တိုက်ရိုက်မိုးကြိုးအပစ်ခံရပြီး အခြားသူများမှာ မီးလောင်သည့်ဒဏ်ရာ၊ မျက်စိထိခိုက်မှုနှင့် သွေးလန့်မှုတို့ကြောင့် ဆေးကုသထားရသည်။

မိုးလေဝသရုံးက ပြင်းထန်သည့် ရာသီဥတုနှင့်ပတ်သက်သည့်ကြိုတင်သတင်းထုတ်ပြန်မှုများ ပြုလုပ်ထားပြီး အခြားနေရာများတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူရေလျှံမှုများ ပေါ်ပေါက်လာနိုင်သည်ဟု ကြေညာထားသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

ခုတ်ဖုတ်မီးဖို

တရုတ်ပြည်မြောက်ပိုင်း ဟီဘေပြည်နယ် ကျင်ဟွန်အေါင် ဆိပ်ကမ်းမြို့မှ ၂၈ ကီလိုမီတာ ဝေးကွာသည့် ကျေးရွာတစ်ရွာရှိ အုတ်ဖုတ်သည့်မီးဖိုကြီးကို တွေ့ရစဉ်။ (တရုတ်ပြည်၌ မင်မင်းဆက်က မဟာတံတိုင်းကြီး တည်ဆောက်ရေးအတွက် လိုအပ်သည့် အုတ်များကို ထုတ်လုပ်ပေးသည့် အုတ်ဖုတ်မီးဖို ၆၆ လုံးကို ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းမှာ တရုတ်ပြည်၌ တွေ့ရသည့် ရှေးအကျဆုံး အုတ်ဖုတ်သည့် မီးဖိုများဖြစ်ပြီး မဟာတံတိုင်းကြီးကို လေ့လာရာတွင် များစွာ အထောက်အကူပြုမည်ဖြစ်သည်။) *(ဓာတ်ပုံ–ဆင်ဟွာ)*

ထိပ်တိုက်ရင်မဆိုင်ဘဲ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ပါကစ္စတန်–အိန္ဒိယပြဿနာ ဖြေရှင်းနိုင်မည်ဟု ပြောကြား

အစ္စလမ္မာဘတ် ဩဂုတ် ၁၁

အကြမ်းဖက်မှုနှင့် သွေးချောင်းစီး တိုက်ခိုက်မှုတို့က အိန္ဒိယနှင့်ပါကစ္စတန်နှစ်နိုင်ငံအကြား သဘောထားကွဲလွဲမှုများအတွက် အခွန့်ရှည်စေမည့် မည်သည့်ဆုံးဖြတ်ချက်များကိုမှ အထောက်အပံ့ဖြစ်စေမည်မဟုတ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် ဗာ့ဂျ်ပါယီးကပြောကြားပြီး ထိပ်တိုက်ရင်ဆိုင်မှုမဟုတ်ဘဲ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ နှစ်နိုင်ငံအတွင်း ပြဿနာဖြေရှင်းရေးအတွက် အဓိကအချက်ဖြစ်ကြောင်းကိုလည်း ၎င်းက အခိုင်အမာပြောကြားသည်။

ဆောင်ရွက်သင့်

ထိပ်တိုက်တွေ့ဆုံရေးထက် ပူးပေါင်းဆောင်ရွက်မှုကသာ မိမိတို့ နှစ်နိုင်ငံအတွင်းရှိနေသည့် ဖွံ့ဖြိုးရေးပြဿနာများနှင့် ဆင်းရဲမွဲတေမှု လျော့ပါးသက်သာစေရေးတို့ကို ဖြေရှင်းပေးနိုင်မည့် အဖြေဖြစ်ကြောင်း၊ နှစ်နိုင်ငံစလုံးက ငြိမ်းချမ်းစွာ နေထိုင်နိုင်အောင် ဆောင်ရွက်သင့်ကြောင်း ဗာ့ဂျ်ပါယီးက ထပ်လောင်းပြောကြားသည်။

ဗာ့ဂျ်ပါယီးက ၎င်းပေးပို့သည့်သဝဏ်လွှာတွင် ကမ္ဘာလွှမ်းခြုံပေါင်းစုံမှုဖြစ်စဉ်နှင့် ယခုအခါ ပေါ်ထွန်းလျက်ရှိသော ဒေသဆိုင်ရာနှင့် လက်အောက်ဒေသဆိုင်ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ညွှန်းပြပြောဆိုပြီး အိန္ဒိယနှင့်ပါကစ္စတန်တို့အနေဖြင့် ယနေ့ကမ္ဘာ၏ အပြောင်းအလဲကို သတိမူရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အခွင့်အလမ်းများရှိ

မိမိတို့တွင် ငြိမ်းချမ်းပြီး ပူးပေါင်းဆောင်ရွက်လိုသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် အခွင့်အရေးများရှိနေကြောင်း နှစ်ရက်ကြာကျင်းပသည့် တောင်အာရှ လွတ်လပ်သည့်သတင်း မီဒီယာအဖွဲ့ ညီလာခံ အဖွင့်မိန့်ခွန်းတွင် ပြောကြားသည်။

ထပ်မံတိုက်တွန်း

အစည်းအဝေးနှင့် ဆွေးနွေးပွဲကျင်းပခြင်း ရည်ရွယ်ချက်မှာ အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံတို့အနေဖြင့် ပုံမှန်ငြိမ်းချမ်းပြီး ရင်းနှီးချစ်ကြည်သည့် ပူးပေါင်းဆောင်ရွက်သောဆက်ဆံရေး ဆောင်ကြဉ်းနိုင်စေမည့် ရည်မှန်းချက်ဆန္ဒဖော်ဆောင်ရေးကို တစ်စုတစည်း အခိုင်အမာ ထပ်မံတိုက်တွန်းထားခြင်းပင်ဖြစ်သည်။

အမ်အင်အေ၊ပီတီအိုင်။

နိုင်ငံတကာ သတင်းများ

နိုင်ဂျာနိုင်ငံ၏ ယူရေနီယံကိစ္စ မှတ်တမ်းမှတ်ရာ အတုများသာဖြစ် ဆက်ဒမ်ဟူစိန်အပေါ် ဗြိတိသျှ၏ စွပ်စွဲချက်ကို ထိုးနှက်ရာရောက်စေ

လန်ဒန် ဩဂုတ် ၁၁

အီရတ်သံအမတ်ကြီးဟောင်း အယ်လ်ဇာဟာဝီက နိုင်ဂျာနိုင်ငံ၏ ယူရေနီယံနှင့် ပတ်သက်သည့် မှတ်တမ်းမှတ်ရာများသည် အတုများသာဖြစ်ကြောင်း ပြောကြားချက်က အီရတ်နိုင်ငံအား စစ်ဆင်နွှဲတိုက်ခိုက်ရခြင်းသည် တရားမျှတကြောင်းပြသသည့် အဓိကအချက်အလက်များမှ တစ်ချက်ဖြစ်သည့် ဆက်ဒမ်ဟူစိန်သည် အာဖရိကမှ ယူရေနီယံရယူရန် ကြိုးပမ်းကြောင်း ဗြိတိသျှအစိုးရ၏ စွပ်စွဲမှုကို အပြင်းအထန် ထိုးနှက်ချက်တစ်ရပ်ဖြစ်လျက်ရှိကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဘဂ္ဂဒက်မြို့လယ် လမ်းမတစ်ခုတွင် စစ်ဆေးစောင့်ကြပ်နေသည့် အမေရိကန်တပ်သားများအား တွေ့ရစဉ်။ (ဘဂ္ဂဒက်မြို့ မြောက်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်သား ၁၂ဦး ဒဏ်ရာရရှိခဲ့သည်။ ထိုအတောအတွင်း ဆက်ဒမ်ဟူစိန် မွေးရာဇာတိ တီကရစ်မြို့ရှိ လက်နက်အရောင်းအဝယ် ပြုလုပ်သည့် ဈေးတစ်ဈေးတွင် အမေရိကန်တပ်သားများက လက်နက်အရောင်းအဝယ် ပြုလုပ်သူ ငါးဦးနှင့် ကလေးငယ်တစ်ဦးတို့ကို ပစ်သတ်ခဲ့သည်ဟု အီရတ်နိုင်ငံသား ဆရာဝန်တစ်ဦးက ပြောကြားသည်။)

(ဓာတ်ပုံ-အင်တာနက်)

စွပ်စွဲခံထားရ

မိမိ၏ မစ်ရှင်အဖွဲ့က နိုင်ဂျာသမ္မတနှင့် တွေ့ဆုံရန်နှင့် ၎င်းအား အီရတ်နိုင်ငံသို့ အလည်အပတ်လာရောက်ရန် ဖိတ်ကြားရန်ဖြစ်ကြောင်း ဗာတီကန်ဆိုင်ရာ အီရတ်သံအမတ်ကြီးဟောင်း အယ်လ်ဇာဟာဝီက ပြောကြားသည်။ ၎င်းသည် နိုင်ဂျာနိုင်ငံသို့ သွားရောက်စဉ်အတွင်း ယူရေနီယံရရှိရန် ကြိုးပမ်းခဲ့ကြောင်း စွပ်စွဲခံထားရသည်။

ညွှန်ကြားချက်မရှိ

မိမိတို့သည် အီရတ်နိုင်ငံအား ကုလသမဂ္ဂ၏ အရေးယူကန့်သတ်ချက်များ ချမှတ်ပြီး ပေါ်ပေါက်လာသည့် အီရတ်နိုင်ငံ၏ အခြေအနေနှင့် အလည်အပတ် လာရောက်ရန် ဖိတ်ကြားမှုနှင့် စပ်လျဉ်း၍ ပြောဆိုဆွေးနွေးကြကြောင်း၊ မိမိတွင် အခြားညွှန်ကြားချက်များ မရှိကြောင်း၊ ယူရေနီယံဝယ်ယူရေးနှင့် ပတ်သက်သည့်ကိစ္စ ဘာမျှမပါရှိကြောင်း အယ်လ်ဇာဟာဝီက အင်ဒီပင်းဒင့်အွန်ဆန်းဒေးသတင်းစာနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

အံ့အားသင့်စရာကောင်း

ယင်းကိစ္စနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုနှင့် ကုလသမဂ္ဂတို့ အပါအဝင် အခြားလူတိုင်းနှင့် ရှင်းလင်းထုတ်ပြန်ပြီးကြောင်း၊ ယနေ့ထက်တိုင် မိမိအနေဖြင့် ၎င်းကိစ္စနှင့် စပ်လျဉ်းသည့် မေးခွန်းများ ကြားနေရသေးသည်မှာ အံ့အားသင့်စရာကောင်းလှကြောင်း၊ ယင်းကိစ္စအပေါ် မိမိနှင့် တွေ့ဆုံလိုသူများနှင့် အချက်အလက် ပိုမိုသိလိုလျှင် မိမိက ပူးပေါင်းဆောင်ရွက်ရန် စိတ်အားထက်သန်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဘီဘီစီ။

အီရန်နှင့်ပူးပေါင်းဆောင်ရွက်ရေး အိုင်အေအီးအေ ဆွေးနွေးဖွယ်

တီဟီရန် ဩဂုတ် ၁၁

နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ(အိုင်အေအီးအေ)မှ နောက်ထပ် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် အီရန်နှင့် အိုင်အေအီးအေတို့ ပူးပေါင်းဆွေးနွေးရေးကို မကြာမီတွင် ဆွေးနွေးမည်ဟု မျှော်လင့်ရကြောင်း အီရန်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက စနေနေ့၌ ပြောကြားသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ဗီယင်နာမြို့၌ စက်တင်ဘာလတွင် အိုင်အေအီးအေ၏ အုပ်ချုပ်ရေးမှူးများဘုတ်အဖွဲ့သို့တင်ပြမည့် အစီရင်ခံစာနှင့် ပတ်သက်၍ ဆွေးနွေးရန် မကြာမီက အီရန်သို့ လာရောက်လည်ပတ်ခဲ့သည့် အဖွဲ့ဝင်သုံးဦးပါ အိုင်အေအီးအေ တရားရေးကျွမ်းကျင်သူများ ကိုယ်စားလှယ်အဖွဲ့၏ နောက်ဆက်တွဲ လာရောက်မည်ဖြစ်သည်။

အိုင်အေအီးအေ တရားရေးဆိုင်ရာ ကျွမ်းကျင်သူများသည် နျူကလီးယား မပြန့်ပွားရေးစာချုပ် (အင်ပီတီ)၏ နောက်ဆက်တွဲ သဘောတူညီမှုပါ အသေးစိတ် အချက်အလက်များကို ဆွေးနွေးရန် တီဟီရန်သို့ တနင်္လာနေ့က ရောက်ရှိခဲ့ကြသည်။

ယင်းသဘောတူညီချက်အရ အိုင်အေအီးအေ စစ်ဆေးရေးမှူးများသည် အီရန်၏ နျူကလီးယား အဆောက်အအုံများကို ကြိုတင်သတိပေးချက်မပြုဘဲ ကြည့်ရှုစစ်ဆေးနိုင်သည်။ အိုင်အေအီးအေနှင့် အီရန် တရားရေးကျွမ်းကျင်သူများ ဆွေးနွေးမှုများသည် အပြုသဘောဆောင်ကြောင်း အီရန်သတင်းရပ်ကွက်က ပြောကြားသည်ဟု အီရန်သတင်းဌာန အိုင်အာအင်အေက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဩဂုတ် ၁၀ ရက်က ဂျေပီမော်ဂန်ချေ့စ် အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဘယ်ဂျီယံမှ ကင်စီလက်စတာနှင့် ယှဉ်ပြိုင်သည့် အမေရိကန်မှ လင်ဆေးဒါဗင်ပို့၏ ရိုက်ဟန်။ (ယင်းပွဲတွင် ကင်စီလက်စတာက ဒါဗင်ပို့ကို ၆-၁၊ ၃-၆၊ ၆-၁ ဖြင့် အနိုင်ရရှိခဲ့သည်။) *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်ပြည်သူများ ဒုက္ခဝေဒနာခံစားနေရမှု အဆုံးသတ်ရေး အာရပ်အဖွဲ့ချုပ်နှင့် ကုလသမဂ္ဂတို့ ပူးပေါင်းကူညီကြမည်

ကိုင်ရို ဩဂုတ် ၁၁

အီရတ်ပြည်သူပြည်သားများ ဒုက္ခဝေဒနာ ခံစားနေမှုများ အဆုံးသတ်ရေးကိစ္စတွင် ကူညီနိုင်ရန်အတွက် အာရပ်အဖွဲ့ချုပ်နှင့် ကုလသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း အဖွဲ့ဝင် ၂၂နိုင်ငံ ပါဝင်သည့် အဆိုပါအဖွဲ့ သတင်းရပ်ကွက်က စနေနေ့က ပြောကြားလိုက်သည်။

အာရပ်အဖွဲ့ချုပ် အကြီးအကဲ အမားမူဆာနှင့် အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ဆာဂျီယိုဒီမဲလိုးတို့ တွေ့ဆုံဆွေးနွေးကြပြီးနောက် ဖော်ပြပါအတိုင်း ကြေညာလိုက်ခြင်းဖြစ်သည်။

ဆွေးနွေးညှိနှိုင်း

အဆိုပါ အစည်းအဝေးက အထူးသဖြင့် အလွန်တရာ အရေးပါသည့် စီးပွားရေးနှင့် လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ အခြေအနေများနှင့် အီရတ်နိုင်ငံ၏ နောက်ဆုံးဖြစ်ထွန်းမှု အခြေအနေများကို ဆွေးနွေးညှိနှိုင်းကြသည်။

အာရပ်အဖွဲ့ချုပ် ဝန်ကြီးအဆင့် အစည်းအဝေးကို စက်တင်ဘာ ၉ ရက်တွင် မကျင်းပမီ အာရပ်အဖွဲ့ချုပ် နိုင်ငံခြားရေးဝန်ကြီးများသည် အီရတ်ကြားဖြတ်အုပ်ချုပ်မှုကောင်စီ အစည်းအဝေးကို ဆက်လက်ကျင်းပမည်ဟု ဒီမဲလို၏ ပြောကြားချက်ကို မူဆာအား ကိုးကား၍ အဆိုပါ သတင်းရပ်ကွက်က ဖော်ပြသည်။

အာရပ်နောက်ဆက်တွဲကော်မတီ အစည်းအဝေးကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်တွင် ကျင်းပပြီး သုံးရက်အကြာတွင် ဒီမဲလို၏ခရီးစဉ် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ယင်းအစည်းအဝေး ကျင်းပစဉ်အတွင်း အီရတ်အုပ်ချုပ်မှုကောင်စီအနေဖြင့် အများတကာ အသိအမှတ်ပြုနိုင်မည့် တရားဝင်အစိုးရ ထူထောင်ရေးအတွက် လမ်းရှင်းပေးရန် ဖော်ပြပါ အာရပ်နိုင်ငံခြားရေးဝန်ကြီးများက တိုက်တွန်းနှိုးဆော်ထားသည်။

ခြေလှမ်းတစ်ရပ်

အာရပ်နိုင်ငံများက အီရတ်အုပ်ချုပ်မှုကောင်စီဖွဲ့စည်းရေးကို လက်ကမ်းကြိုဆိုကာ ယင်းလုပ်ရပ်သည် ရေနံကြွယ်ဝသည့် ပင်လယ်ကွေ့နိုင်ငံဖြစ်သည့် အီရတ်နိုင်ငံအား အမေရိကန် သိမ်းပိုက်မှု အဆုံးသတ်ရေးအတွက် ခြေလှမ်းတစ်ရပ်အဖြစ် ၎င်းတို့က ရှုမြင်ထားကြသည်။

ပထမဆုံး

အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အား ရာထူးမှ ဖယ်ရှားလိုက်ပြီးနောက် အီရတ်ကြားဖြတ်အုပ်ချုပ်မှုကောင်စီသည် ပထမဆုံးသော အမျိုးသားအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့တစ်ရပ်အဖြစ် ပေါ်ပေါက်လာခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နီပေါ၌ မြေပြို၍ ခုနစ်ဦး သေဆုံး

ခတ္တမန္ဒူ ဩဂုတ် ၁၁

နီပေါနိုင်ငံ အရှေ့ပိုင်းတွင် စနေနေ့ နံနက်က မြေပြိုမှုဖြစ်ပွားရာ အနည်းဆုံး လူခုနစ်ဦး သေဆုံးခဲ့ပြီး ဒဏ်ရာပြင်းထန်စွာ ရရှိသူများရှိကြောင်း နီပေါရေဒီယိုက စနေနေ့ မွန်းလွဲပိုင်းက ထုတ်လွှင့်သည်။

ဖြစ်ပွား

အဆိုပါ မြေပြိုမှုမှာ နီပေါနိုင်ငံ အရှေ့ပိုင်း တာပလီဂျန်ခရိုင် ဆူရူခမ်ကျေးရွာ၌ ဖြစ်ပွားခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့ရုံး ဒုတိယကြီးကြပ်ရေးမှူး ကင်မန်ရှားက ပြောကြားကြောင်း နိုင်ငံပိုင်ရေဒီယိုက ထုတ်လွှင့်သည်။

ဆေးရုံသို့တင်ပို့

မြေပြိုမှုကြောင့် ပျက်စီးဆုံးရှုံးမှုမှာ ဒေါ်လာထောင်ပေါင်းများစွာ တန်ဖိုးရှိမည်ဖြစ်ကြောင်း၊ သေဆုံးသူ ငါးဦး၏ အလောင်းများကို ယခုအချိန်ထိ တူးဖော်ရရှိထားကြောင်း ရှားက ပြောကြားသည်။ ဆိုးဆိုးရွားရွား ဒဏ်ရာရသူများကို အနီးရှိ ဆေးရုံသို့ ရဟတ်ယာဉ်ဖြင့် တင်ပို့ထားရသည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အောင်ငြိမ်းချမ်း မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၁၂

သာကေတမြို့နယ် ရှုခင်းသာရပ်ကွက် အောင်ငြိမ်းချမ်းမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ(၃၆၅)၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ၊ သာသနဓဇဓမ္မာစရိယ အောင်ငြိမ်းချမ်း ဆရာတော် ဘဒ္ဒန္တ အဂ္ဂသာရ အရှင်မြတ်သည် ဝါခေါင်လပြည့်ကျော် ၂ ရက်မှ ၈ ရက် (ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်)အထိခန္ဓာ ဉာဏ်ရောက် သစ္စာလေးပါးတရားကို ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဖုန်း-၅၅၉၅၂၈ သို့ အချိန်မီ စာရင်းပေးသွင်းကြရန်နှင့် လပြည့်ကျော် ၁ ရက် ညနေအရောက်လာရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

ပြိုးခြံချေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ငြိမ်းချမ်းခြင်း၏ အရသာ

တင်သန်းဦး

မည်သည့်အခါမျှ မေ့နိုင်တော့မည် မဟုတ်သော မြင်ကွင်းတစ်ခု။

လွန်ခဲ့သည့်နှစ်ပေါင်း အစိတ်ခန့်ကမြင်ကွင်း။ သာယာလှပသော ရှုခင်းပေါ်တွင် မီးခိုးမည်းများက အလိပ်လိုက် အလိပ်လိုက်တက်နေသည်။ ဆောင်းတွင်းမို့ ခိုက်ခိုက်တုန်အောင် ချမ်းလှသည်။ မီးလုံ့လျှင်ပင် ကျောပြင်မှာ ရေခဲတွေအချပ်လိုက် ကပ်နေတတ်သည်။ နှင်းမြူတို့က နံနက် ၁၀ နာရီခန့်မှ ပြိုကွဲသွားလေ့ရှိသည်။ ထိုအခါကျတော့လည်း မြင်ကွင်းက သာယာလှပဘိခြင်း။

အီမောဘွမ်သည် နီလာသားနှယ် တောက်ပနေသော ကောင်းကင်ထက်သို့ ထိုးတက်နေသည်။ တောင်ထွတ်ပေါ်တွင် နှင်းမြူတွေက ဦးထုပ်ချွန်ကြီး တစ်ခုကဲ့သို့ဖြစ်အောင် ဆောင်းပေးထားသည်။ အလွန်သာယာလှပသည့် မြင်ကွင်းပင်။ အီမောဘွမ်တောင်ကြီး၏ မြောက်ဘက်တွင် ချိန်ယင် ရေခဲတောင်တန်းကြီးရှိသည်။ တောင်ဘက်တွင်တော့ မရုတ်တောင်ကြောကြီး။

သဘာဝပန်းချီဆရာက အနုစိတ်ခြယ်မှုန်းထားသော ပန်းချီကားချပ်ကြီးမှာ ဝါဒရေးရာ ပြိုင်ဆိုင်ကြခြင်းတည်း ဟူသော နိုင်ငံရေးပဋိပက္ခများကို မရှင်းနိုင်ကြသူများကြောင့် အကျည်းတန်နေရသည်။ သဘာဝ ပန်းချီကားပေါ်တွင် စုတ်ချက်ကြမ်းကြမ်းတွေက နေရာယူလာသည်။

၁၉၇၀ ပြည့်နှစ်များ၏ အလယ်ပိုင်းမှစ၍ ကျွန်တော်တို့ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော တိုက်ပွဲများ၏ အနိဋ္ဌာရုံကို လူတိုင်းခံစားဖူးမည်မဟုတ်၊ ထိုစဉ်က ဒုက္ခသုက္ခတွေ ကြုံတွေ့ခဲ့ရသော ဒေသခံတိုင်းရင်းသားတို့၏ ဘဝကို ကိုယ်တိုင် မမြင်မတွေ့ဖူးသူများအနေနှင့် စာနာတတ်ဖို့မလွယ်။ ကိုယ်ချင်းစာစိတ်ရှိသည် ဆိုလျှင်ပင် အတိမ်အနက်ကတော့ ကွာခြားဦးမည်။

ထိုစဉ်က မြစ်ကြီးနားနှင့် ပိုင်းမော်ကို ဆက်သွယ်ရန် ယခုကဲ့သို့ ဗလမင်းထင်တံတားကြီး ပေါ်ထွန်းလာလိမ့်မည်ဟု အိပ်မက်ပင် မမက်ရဲခဲ့ကြ။ ပိုင်းမော်ဆိပ်နှင့် ခတ်ချိုဆိပ်မှ ကူးတို့သင်္ဘောများပင် အချိန်မှန်မထွက်နိုင်။ မြစ်ကြီးနားမြို့သည်ပင် ညနေ ၆ နာရီကျော်လျှင် ခြောက်ကပ်တိတ်ဆိတ်သွားလေပြီ။ လျှပ်စစ်မီးဆိုတာကလည်း ညနေ ၆ နာရီမှ ည ၉ နာရီအထိပင် ပုံမှန်မရချင်။ လေယာဉ်ပျံက တစ်ပတ်တစ်ခါ ဆင်းဖို့ပင်မလွယ်။ ရထားကျပြန်တော့လည်း မန္တလေးကထွက်လာလိုက်တာ သုံးရက်လောက်ကြာမှ မြစ်ကြီးနားရောက်သည်။

စစ်တက္ကသိုလ်မှ ကျောင်းဆင်းပြီး မြစ်ကြီးနားသို့ သွားရမည်ဆို၍ ရထားဖြင့် ထွက်ခွာလာကြသော ကျွန်တော်တို့ လူစုသည် မရမ်းဘူတာ မီးလောင်နေသည်နှင့် ပက်ပင်းတိုးခဲ့ရသည်။ ထို့နောက် မဆုံးနိုင်သည့် တိုက်ပွဲများ၊ သနားစရာကောင်းလှသည့် ဒေသခံလူထု၊ စိတ်ပျက်ဖွယ်ကောင်းလှသော အတွေ့အကြုံများနှင့် မျှော်လင့်ချက်ကင်းမဲ့သောအနာဂတ်...။

မြစ်ကြီးနားက ဖုန်းတစ်ခါဆက်လိုလျှင် ၁၂ ရက်ခန့် စောင့်ရသည်။ သို့တိုင်ရချင်မှရသည်။ ရတော့လည်း အသံကွဲအောင် အော်ပြောရသည်။ ကြေးနန်းရိုက်လျှင် တစ်လကြာချင်ကြာသည်။ စာထည့်လျှင် သုံးလ ခန့်ကြာပြီး ပျောက်တာကများသည်။ ယခု ဗလမင်းထင်တံတားကြီး၏ ပိုင်းမော်ဘက်ကမ်းနဖူးထိပ်မှ မိုင်းနားရွာမီးဟုန်းဟုန်းတောက်လောင်ပြီး ပြာကျသွားခဲ့သည်ကို ကိုယ်တွေ့ကြုံခဲ့ရသည်။ ယခင်မြင်ကွင်းများကို မြင်ဖူးမှ ယခုမြင်ကွင်းက ပိုလှမှန်းသိပေမည်။

ကချင်ပြည်နယ်တွင် မြန်မာနိုင်ငံ၏ အမြင့်ဆုံးသော ခါကာဘိုရာဇီ တောင်နှင့် ပေတစ်သောင်းကျော်သော ရေခဲတောင်ထွတ်များစွာရှိသည်။ ကျွန်တော် မြင်ဖူး၊ ကြားဖူးသမျှ ရေတံခွန်များအနက် အမြင့်ဆုံးသော ရေတံခွန်မှာ ချီဖွေမြို့လေးနှင့် ဆော့လော်မြို့လေးအကြားရှိ ချောင်းမောချွယ် ရေတံခွန်ကြီးဖြစ်ပြီး မြင့်မားမတ်စောက်လှသော တောင်တန်းကြီးပေါ်မှ မြွေဖြူကြီးတစ်ကောင် မေခမြစ်ထဲထိုးဆင်းသွားသည်နှင့်ပင် တူတော့သည်။

သဘာဝပန်းချီကားကို ဖျက်ဆီးနေသည်မှာ တိုက်ပွဲများပင်ဖြစ်သည်။ ဝါဒစွဲအစွန်းရောက်မှုနှင့် သံသယများ၊ သပ်လျှိုသွေးခွဲမှုများနှင့် ကိုလိုနီသူ့ကျွန်ဘဝ၏ အမွေဆိုးများက ဒဏ်ရာများကို ဖြစ်ပေါ်စေခဲ့သည်။ အီမောဘွမ်တောင်ကြီး၏ တောင်ဘက်ရှိ မရုတ်တောင်ကြောကြီးမှာ ထင်းရှူးတောများဖြင့် ပြည့်နှက်နေသည်။ တိုက်ပွဲတွေဖြစ်ပွားရာမှ ထင်းရှူးတောကြီးကို မီးကူးစက်လောင်ကျွမ်းလေရာ ၁၆ မိုင်ခန့် မီးတောကြီးဖြစ်နေသည်။

ကျွန်တော့်မြင်လွှာပေါ်တွင် တစ်သက်လုံးစွဲနေရသည့် မြင်ကွင်းမှာ ဤမြင်ကွင်းပင်။ နေ့ဘက်တွင် ထင်းရှူးတောများ လောင်ကျွမ်းရာမှ ထွက်ပေါ်လာသည့် မီးခိုးမည်းအလိပ်လိပ်တွေက အီမောဘွမ်တောင်ထွတ်၏ ရေခဲဦးထုပ်ချွန်ကို ဖုံးလွှမ်းလုမတတ်။ ညကျတော့ အပူရောင် စုတ်ချက်ကြမ်းကြမ်းတို့က အကျည်းတန်လွန်းလှစွာ၏။

ဖြစ်လိုက်ရသည့် တိုက်ပွဲတွေကလည်း မဆုံးနိုင်။ နှစ်ဖက်တိုက်ခိုက်ကြခြင်းမဟုတ်။ ရံဖန်ရံခါတွင် သုံးဖွဲ့ကွဲပြီး တိုက်ကြရခြင်း။ သေလိုက်ကြရသည့် လူတွေမှာလည်း သောက်သောက်လဲပင်။ ၁၉၇၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ထောဂေါ်တိုက်ပွဲတွင် နှစ်ဖက်သေကျေပျက်စီး ထိခိုက်ဒဏ်ရာရသူ ထောင်နှင့်ချီ၍ရှိသည်။ တိုက်ပွဲတွင် ညှပ်ပူးညှပ်ပိတ်မိနေသည့် ဒေသခံလူထုမှာလည်း ရာနှင့်ချီပြီး သေကျေပျက်စီးကြရသည်။

တိုက်ရခိုက်ရသည်ကိုထားဦး။ သာမန်နေ့စဉ် လူနေမှုဘဝကပင်လျှင် မည်သည့် လူသား အတွက်မှ မသက်သာပါ။ တပ်မတော်သားလည်းမသက်သာ။ ရွာသားလည်းမသက်သာ။ ဗကပလည်းမသက်သာ။ မည်သူမျှ အခြေအနေမကောင်းပါ။ ထင်းရှူးတောကြီးတွေမဆုံးနိုင်အောင် မီးလောင်ကြသည်။ လူကိုမဆိုထားနှင့်။ ကျွဲ၊ နွား၊ တိရစ္ဆာန်မိုင်းထိသည့် အရေအတွက်ကပင် မနည်းလှ။ ပြောမယုံကြုံဖူးမှ သိပါလိမ့်မည်။

ကျွန်တော်တို့ မျက်စိရှေ့မှာပင် သေသွားကြသူတွေ အများကြီးပင်၊ ခြေထောက်ပြတ်သူ၊ လက်ပြတ်သူ၊ မျက်စိကန်းခဲ့ရသူ၊ စစ်သား၊ အရပ်သား စုံလင်လှသည်။ မှတ်မှတ်ရရထမင်း ၁၇ ရက် ငတ်ဖူးခဲ့သည်။ တစ်ကိုယ်လုံးမှ အဝတ်အစား၊ ခါးပတ်၊ ဦးထုပ်၊ သေနတ်ကိုယ်ထည်စသည်တို့တွင် ကျည်ဆန် ၁၁ ချက် မှန်ခဲ့ဖူးသည်။ ကျည်ဆန်တစ်တောင့်သာ အသားကိုခြစ်ရာမျှ ထင်စေခဲ့သည်မှာ ကံကောင်းလွန်းလို့ပင်။ ခြေထောက်ကျိုးသွားတုန်းကလည်း ပလာစတာမကိုင်ခဲ့ရ။ ဝါးဖြင့်ကြပ်စည်းပြီး ဆက်စေခဲ့ရသည်။

ယခင်က မြစ်ကြီးနားမြို့နှင့် ၂၈ မိုင်ဝေးသော မြစ်ဆုံသို့ပင် လွယ်လွယ်သွားလို့ရသည် ထင်ပါသလား။ ကျွန်တော့်တွင်ကင်မရာလေးတစ်လုံးရှိခဲ့ရာ မြစ်ဆုံကိုဓာတ်ပုံရိုက်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့ဖူးသည်။ အကြိမ်ကြိမ်ရောက်သည့်တိုင် မရိုက်နိုင်။ ကျီးလန့်စာ စားဘဝမျိုးပေမို့...။

နောက်ဆုံးတော့လည်း ထိုကင်မရာသည်ပင် မေခမြစ်၏ မြစ်လက်တက်ဖြစ်သော ငေါ်ချမ်းခမြစ်ကိုဖြတ်ကူးစဉ် ကျောပိုးအိတ်နှင့်အတူ မျောပါသွားခဲ့ရသည်။ အဝတ်အစားမလဲဘဲနှင့်လည်း ဒါဝတ်ဒါချွတ်ဘဝနှင့် သုံးလခန့် နေခဲ့ဖူးသည်။ ဖိနပ်စီးစရာမရှိတော့လို့ ဤအတိုင်းနေခဲ့ရသည်က ခြောက်လခန့် ကြာဖူးသည်။

ထိုစဉ်က တိုက်ပွဲသတင်းများကို တစ်နှစ်တစ်ကြိမ်ပင်လျှင် ထုတ်ပြန်ချင်မှ ထုတ်ပြန်သည်။ လူမသိ သူမသိ အသက်စွန့်ခဲ့ရသည့် သူရဲကောင်းတွေ အများအပြားရှိခဲ့ရသည်။ ထိုစဉ်က အာသာငမ်းငမ်း တပ်မက်ခဲ့ရသည်ကား ငြိမ်းချမ်းရေး...။ ငြိမ်းချမ်းရေး...။

ရမလိုလုပ်ပြီးမှ ပျက်ခဲ့ရသည့်အကြိမ်များတွင် မျက်ရည်ကျသူများသည်။

"သူငယ်ချင်းတို့ရေ...။ သွားကြဦးပေါ့ကွာ။ ပြန်တွေ့ကြသေးတာပေါ့။

ဝမ်းနည်းစွာ နှုတ်ဆက်ခွဲခွာကြရသည့် ညီအစ်ကိုများ။

ငြိမ်းချမ်းရေးရဖို့ များစွာကြိုးစားခဲ့ရသည်။

ဘဝသစ်ကိုတည်ဆောက်ဖို့ သွေးစက်ပေါင်းအနန္တကို ရင်းနှီးခဲ့ရသည်။ ချွေးစက်များမှာ မေခ၊ မလိခ မြစ်နှစ်မြွာနှင့် အပြိုင်ပင်...။

ငြိမ်းချမ်းရေးသာရခဲ့လျှင် မည်မျှပျော်စရာကောင်းလေမည်နည်း။

ထိုစဉ်က အကြိမ်ကြိမ်တွေးခဲ့မိသည်။ ဘယ်လိုလုပ်လျှင် ငြိမ်းချမ်းရေးရမလဲ...။

အကြိမ်ကြိမ်အဖြေရှာမိခဲ့သည်။ ငြိမ်းချမ်းရေးကို အလိုလားဆုံးသော သူများမှာ နှစ်ဖက်တိုက်ခိုက်နေကြသော လက်နက်ကိုင်စစ်သားများနှင့် ကြားက လူထုပင် မဟုတ်လား။ ပွဲကြည့်ပရိသတ်ကတော့ ကိုယ့်ဖက်သို့ ကျည်ဆန် မရောက်သေးသရွေ့ အပြုံးမပျက်...။

ငြိမ်းချမ်းရေးရပြီဆိုတော့ ပျော်လိုက်ရသည့်ဖြစ်ခြင်း။

မြစ်ဆုံမှာ ရုပ်ရှင်များသွားရိုက်မည်။ ပိုင်းမော်သွားလည်မည်။ ဝါရှောင်သွားလည်မည်။ ပန်ဝါအထိ သွားမည်။ မြစ်ကြီးနားမြို့သည်လည်း ခါတိုင်းနှင့်မတူ။ မတူလိုက်သည်မှ အဖြူနှင့် အမည်းတမျှ...။

အမောဆို့ဖူးသူမှ ရေတစ်စက်၏ အရသာကိုသိမည်။

ချွေးမထွက်ဖူးသူသည် ရေတစ်ခွက်၏ အရသာကိုပင် မသိ။

စစ်ကိုကြုံဖူးသူမှ ငြိမ်းချမ်းခြင်း၏ အရသာကို ပိုသိပေမည်။

ငြိမ်းချမ်းရေးကို ကျွန်တော်တို့ မက်မောသည်။ ငြိမ်းချမ်းခြင်း၏ အရသာကို ကျွန်တော်တို့ နှစ်ခြိုက်သည်။ အပျက်မခံနိုင်။ အထိပါးမခံနိုင်။ မြေစာပင်လူထု၏ ကြေကွဲရင်နင့်စရာ ဖြစ်ရပ်များကို နောက်ထပ် မဖြစ်စေချင်ပါ။ လုံးဝ(လုံးဝ)ပင် မဖြစ်စေချင်ပါ။ ခက်ခက်ခဲခဲ တည်ဆောက်ထားရသည့် ငြိမ်းချမ်းရေးကို အပျက်မခံနိုင်ပါ။

ငြိမ်းချမ်းခြင်း၏ အရသာကို ယခုမှ အဆင်သင့်ရူးခပ်စားသုံးကြရသော သူများကား ခါးသီးသော အတွေ့အကြုံကို ဖြတ်သန်းလာခဲ့ရသူများလောက်တော့ အရသာတွေ့ချင်မှ တွေ့မည်သာတည်း။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၈-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြား သတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၄:၁၅** ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၂၅** ၅။ မျိုးချစ်တပ်မတော်
- **၄:၃၅** ၆။ ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
- **၄:၄၅** ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၀၀** ၈။ အဝေးသင်ပညာရေး ပို့ချမှု အစီအစဉ်
  - (က) ဒုတိယနှစ် (အရှေ့တိုင်းပညာ)
  - (ခ) ဒုတိယနှစ် (ပထဝီဝင်)
- **၅:၃၀** ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၅** ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အသည်းချင်းတူရင် ကြည်ဖြူပါမယ်ရှင် (အပိုင်း-၃)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
  - ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၀။ **အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ မှတ်တမ်း (အပိုင်း-၈) ထမ်းဆောင်ဝန်တာ သာသနာရေးအဖြာဖြာ**
  - ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သူငယ်ချင်းသုံးဖော် (အပိုင်း-၇)**
  - ၂၂။ သင့်အတွက်မနက်ဖြန်
  - ၂၃။ အပိတ်နှုတ်ဆက်စကား
  - ၂၄။ ပြီးပါပြီ။

မုံးကိုး၌ ဘိန်းစိမ်းများဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၁၂

နယ်မြေခံထောက်လှမ်းရေးတပ်၊ နယ်မြေခံတပ်၊ မူဆယ် မူးယစ်အထူးအဖွဲ့နှင့် မုံးကိုးရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီတွင် သတင်းအရ ဖောင်းဆိုင်-မုံးကိုး ကားလမ်း မုံးကိုးမြို့ ရပ်ကွက်(၅)လမ်းထိပ်၌ စောင့်ဆိုင်းနေစဉ် ယာဉ်မောင်းကြန်းဟွကြုန် မောင်းနှင်လာသော တရုတ်နိုင်ငံလုပ် (လွန်ဂျင်)ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါ ခရီးသည် မမာနုထံမှ ဘိန်းစိမ်း ၃ ဒသမ ၂ ကီလို၊ မခွမ်းနန်ထံမှ ဘိန်းစိမ်း ၃ ဒသမ ၅၅ ကီလို၊ မသိန်းလောင်ထံမှ ဘိန်းစိမ်း ၂ ဒသမ ၅၅ ကီလို၊ မခွန်းနန်ထံမှ ဘိန်းစိမ်း ၁ ဒသမ ၂၅ ကီလိုနှင့် မကျိုစီးထံမှ ဘိန်းစိမ်း ဒသမ ၆ ကီလို စုစုပေါင်း ဘိန်းစိမ်း ၁၁ ဒသမ ၂ ကီလို ဖမ်းဆီးရမိခဲ့သည်။

အရေးယူ

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ မုံးကိုးမြို့နယ် မန်ရန်အုပ်စု ဘန့်မွေးရွာနေ ဦးမာတူး၏သမီး အသက်(၃၀)ရှိ မမာနု၊ ကျင်မုံအုပ်စု မန်ဆာကျေးရွာနေ ဦးရုတ်တင်၏သမီး အသက်(၂၅)နှစ်ရှိ မသိန်းလောင်၊ ဖောင်းဆိုင်အုပ်စု မန်ကော်ရွာနေ ဦးယော်ခွမ်းသမီး အသက်(၅၀)ရှိ မခွမ်းနန်၊ မန်ရန်အုပ်စု ဘန့်မွေးရွာနေ ဦးတန့်စော၏သမီး အသက်(၄၀)ရှိမခွန်းနန်နှင့် တစ်ရွာတည်းနေ ဦးဂျိုနောင်၏သမီး အသက်(၂၅)နှစ်ရှိ မကျိုစီးတို့အား မုံးကိုးရဲစခန်းမှ မူးယစ်ဆေးဝါးပထမသတင်းပေးတိုင်ချက်အမှတ် ၂၀/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

ပခုက္ကူအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းလှူဒါန်းပွဲ

ရန်ကုန် ဩဂုတ် ၁၂

ပခုက္ကူနယ်သူ နယ်သားများ ပခုက္ကူအသင်း(ရန်ကုန်)၏ (၁၁)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ပခုက္ကူဓမ္မာရုံ ရွှေတိဂုံဘုရားမြောက်ဘက်မုခ် အာဇာနည်လမ်း၌ ကျင်းပမည်ဖြစ်သည်။

အလှူရှင်များအနေဖြင့် အလွယ်တကူလှူဒါန်းနိုင်ကြရန် အလှူခံဌာနကို ဩဂုတ် ၁၁ ရက်မှ ၁၆ ရက်အထိ အထက်ပါ ဓမ္မာရုံ၌ ဖွင့်လှစ်ထားပြီး ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်း ဖုန်း-၅၃၅၄၉၆၊ ဒုတိယ ဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးမျိုးဆန်း ဖုန်း-၃၇၀၉၆၁၊ ၂၈၄၇၇၃၊ ဗိုလ်မှူးမြင့်သိန်း (ငြိမ်း) ဖုန်း-၅၅၈၁၄၀၊ ဒေါက်တာ လဝင်းမောင် ဖုန်း- ၅၇၂၃၁၅၊ ၅၇၁၉၃၈ နှင့် အတွင်းရေးမှူး ဦးချစ်လှိုင် ဖုန်း- ၃၇၂၃၃၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကျေးဇူးတင်စကားပြောကြား

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် အမျိုးသား ကျန်းမာရေး ကော်မတီသို့ ကျန်းမာရေးသုံးပစ္စည်းများနှင့် ဆေးဝါးများလှူဒါန်းပွဲတွင် ကျေးဇူးတင်စကားပြောကြားစဉ်။

(သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

★ **အနောက်နိုင်ငံကြီးအချို့မှ**

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျန်းမာရေးသုံးပစ္စည်းများနှင့်ဆေးဝါးများကို ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်တို့ထံ ပြန်လည်လွှဲပြောင်းပေးအပ်သည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက်အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးတို့သို့ ဟောင်ကောင်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှတစ်ဆင့် ဟောင်ကောင်နှင့် မကာအိုရှိမြန်မာနိုင်ငံသားများနှင့် ပြည်တွင်းပြည်ပမှ စေတနာရှင်မိတ်ဆွေများက ယခုကဲ့သို့ ဆေးပစ္စည်းများ လှူဒါန်းခြင်းအတွက် မြန်မာနိုင်ငံတော်အစိုးရကိုယ်စားသော်လည်းကောင်း၊ မြန်မာနိုင်ငံ ပြည်သူများကိုယ်စားသော်လည်းကောင်း အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပထမဦးစွာပြောကြားလိုကြောင်း။

ယနေ့စေတနာရှင်မိတ်ဆွေများ၊ ပြည်ပရောက် စေတနာရှင်မြန်မာနိုင်ငံသားများ လှူဒါန်းကြသည့် ဆေးပစ္စည်းများသည် မြန်မာနိုင်ငံအတွက်၊ မြန်မာနိုင်ငံပြည်သူများအတွက်နှင့် မြန်မာနိုင်ငံရှိ မိခင်နှင့်ကလေးများအတွက် အလွန်တန်ဖိုးရှိပြီး အသုံးဝင်သည့် ဆေးပစ္စည်းများဖြစ်ကြောင်း။

ကျေးဇူးတုံ့ပြန်

ယနေ့အချိန်အခါတွင် ဤကဲ့သို့ ကြီးမားမွန်မြတ်သော စေတနာဖြင့် လာရောက်လှူဒါန်းကြခြင်းမှာ **အရေးကြီးလျှင် သွေးနီးသည်** ဟူသော မြန်မာ့ဆိုရိုးစကားနှင့်အညီ မြန်မာနိုင်ငံအတွက် လိုအပ်နေသည့်အချိန်အခါတွင် ဟောင်ကောင်နှင့်မကာအိုရောက် မြန်မာနိုင်ငံသားများက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့်

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က စေတနာရှင်များလှူဒါန်းသော ကျန်းမာရေးသုံးပစ္စည်းများနှင့် ဆေးဝါးများကို မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ လွှဲပြောင်းပေးအပ်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အပေါ် ကျေးဇူးတုံ့ပြန်ခြင်းဖြစ်ကြောင်း၊ ဤသည်မှာ မြန်မာလူမျိုးတို့တွင် ကိန်းအောင်းတည်ရှိနေသည့် ကောင်းမြတ်သော အစဉ်အလာတစ်ရပ်လည်းဖြစ်ကြောင်း။

ထို့အတူ ASEAN နိုင်ငံများရှိ မြန်မာနိုင်ငံ၏မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များက မြန်မာနိုင်ငံအပေါ် အာရှတိုက်နိုင်ငံအချင်းချင်းဆိုသည့် စိတ်ဓာတ်ထားရှိပြီး မြန်မာပြည်သူများအပေါ် ကိုယ်ချင်းစာနာစိတ်ဖြင့် စေတနာအပြည့်အဝထားကာ တတ်အားသရွေ့ ကူညီလှူဒါန်းကြခြင်းဖြစ်ရာ ဒေသတွင်း မိသားစုဝင်နိုင်ငံအချင်းချင်း အရေးကြီးလျှင်သွေးနီးကြောင်း ထင်ထင်ရှားရှား ထုတ်ဖော်ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း။

နားလည်စာနာစိတ်မရှိ

အဝေးမှ အနောက်နိုင်ငံကြီးအချို့က မြန်မာနိုင်ငံနှင့် ပြည်သူများ အပေါ် နားလည်စာနာစိတ်မထားရှိဘဲ ဖျက်လိုဖျက်ဆီးလုပ်ဆောင်နေသည့် ယနေ့အချိန်အခါတွင် ဒေသတွင်းနိုင်ငံများရှိ မိတ်ဆွေများနှင့် ပြည်ပရောက်မြန်မာနိုင်ငံသားများက အပြန်အလှန်လေးစားကူညီသည့်စိတ်ဓာတ်ဖြင့် လိုအပ်သည်များကူညီပံ့ပိုးကြခြင်းမှာ အပြုသဘောနှင့် အဖျက်သဘောတို့၏ ကွဲပြားခြားနားမှုကို သင်ခန်းစာရရှိစေနိုင်ကြောင်း။

မကောင်းသည့်အကြံအစည်

အဝေးရှိ အနောက်နိုင်ငံကြီးအချို့မှာ မြန်မာနိုင်ငံအပေါ် ဩဇာလွှမ်းမိုးနိုင်ရေးအတွက် မည်သည့်အချိန်တွင် မည်သို့ဟန့်တားနှောင့်ယှက်ရမည်ဆိုသည်ကို မကောင်းသည့်အကြံအစည်ဖြင့် အမြဲလုပ်ဆောင်လျက်ရှိကြောင်း၊ သူတစ်ပါးနိုင်ငံ အကျိုးယုတ်ပျက်ပြားမှု၊ ဒုက္ခတွေ့ကြုံမှု မိမိတို့ကိုအညွှန့်ခံမည်ဆိုသည့် သဘောထားဖြင့် အဖျက်သဘောလုပ်ရပ်များကို အမြဲမပြတ်ကြံစည်လုပ်ဆောင်နေကြကြောင်း။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့်လည်း မိမိတို့နိုင်ငံအပေါ် ဆင်းရဲဒုက္ခကြုံတွေ့အောင် မည်မျှပင်နှောင့်ယှက် ဟန့်တားသည်ဖြစ်စေ မိမိတို့ပြည်တွင်းရှိပြည်သူများ၏စွမ်းအား၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းမိတ်ဆွေနိုင်ငံများ၏အားကို အားထားလျက် အဖျက်လုပ်ရပ်များအပေါ် ရင်ဆိုင်ကျော်လွှားသွားမည်ဟု ခံယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ကွဲပြားထင်ရှား

ယနေ့လှူဒါန်းမှုများသည် အပြုသဘောနှင့် အဖျက်သဘောကို ကွဲပြားစွာထင်ရှားပေါ်လွင်စေကြောင်း။

သို့ဖြစ်၍ ယနေ့စေတနာစိတ်ထားဖြင့် လာရောက်လှူဒါန်းကြသည့် မိတ်ဆွေများ၊ အဖွဲ့အစည်းများကို နိုင်ငံတော်ကိုယ်စား၊ မြန်မာနိုင်ငံပြည်သူများကိုယ်စား အထူးကျေးဇူးတင်ရှိပါသည်ဟု ထပ်လောင်းပြောကြားလိုကြောင်း။

လာရောက်လှူဒါန်းကြသည့် ပုဂ္ဂိုလ်များအားလုံး ကောင်းကျိုးလိုအင်ဆန္ဒအဝဝပြည့်ဝကြပါစေ၊ လုပ်ငန်းများတိုးတက်အောင်မြင်ကြပါစေဟု ဆန္ဒပြုပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ယနေ့လှူဒါန်းသော ကျန်းမာရေးသုံးပစ္စည်းနှင့် ဆေးဝါးများမှာ ဟောင်ကောင်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် ပြည်ပရှိစေတနာရှင်များက လှူဒါန်းသော အမေရိကန်ဒေါ်လာ ၅၀၇၂ခန့်တန်ဖိုးရှိ N-95 Mask ၄၈၀ခု၊ Glove ၁၀၀၀ခု၊ Braun Ear Thermometer ငါးခု၊ Isolation Gown ၅၀၀ခု၊ Fukuda Denshi ECG Analyzer (FCP 2155) တစ်ခု၊ Fukuda Denshi ECG (Fx 2111) တစ်ခု၊ မလေးရှားနိုင်ငံမှ အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီး Raji Dato' Abdul Rashid က လှူဒါန်းသော အမေရိကန်ဒေါ်လာ ၃၀၀၀ တန်ဖိုးရှိ Ray Tek non Contact Thermometer ၁၀ခု၊ ရန်ကုန်မြို့နေ ဒေါ်သက်စုနိုင်က လှူဒါန်းသော အမေရိကန်ဒေါ်လာ ၃၂၁၇၀ တန်ဖိုးရှိ Epivir 150 mg ၁၅၅ပုလင်း၊ Zinnat Suspension 50 ml ၁၁၆၁ပုလင်း၊ Face Mask ၅၀၀ခုတို့ဖြစ်ပြီး စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၀၁၇၂ဖြစ်ကြောင်း သိရသည်။

တတိယအကြိမ်

ဟောင်ကောင်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် ပြည်ပရှိစေတနာရှင်များက လှူဒါန်းသည့် ဆေးပစ္စည်းများမှာ ယခုအကြိမ်သည် တတိယအကြိမ်လှူဒါန်းမှုဖြစ်ပြီး ယခင်ပထမအကြိမ်လှူဒါန်းစဉ်က အမေရိကန်ဒေါ်လာ ၂၅၉၇ခန့်နှင့် ဒုတိယအကြိမ်လှူဒါန်းမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၈၇၄ခန့် ဖြစ်သည်။ ဟောင်ကောင်မြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းများ၊ ဟောင်ကောင်ရှိ မြန်မာပြန်တရုတ်အမျိုးသားများအသင်း၊ ဟောင်ကောင်ရှိ ပြည်ပရောက် တရုတ်အမျိုးသားများအသင်း၊ မကာအိုရှိ မြန်မာပြန်တရုတ်အမျိုးသားများအသင်း၊ ဟောင်ကောင်ရှိ မြန်မာဆရာဝန်များအသင်း၊ Broadcasting Technology Ltd.၊ Unimix Ltd.၊ Great capital Garment Ltd. မှ ဦးအောင်ဝင်း၊ Sky Link Co., Ltd. မှ Mr. Kitichai Ingantr၊ Cheung Hing Timber Co., Ltd.၊ Chun Fat (International) Co., Ltd. မှ ဦးရွှေ၊ Garming Marine Product Trading၊ Ming Kee Jade Co.,Ltd.၊ Well Ming Travel Co., Ltd.၊ Reach Travel Co., Ltd.၊ Yang Kee Travel Co., Ltd.၊ Hon Yu Travel Co.,Ltd.၊ Rover Travel Co., Ltd.၊ ဒေါက်တာတန်ကော်ဟွီးနှင့် ဒေါ်ခင်တင့်၊ ဒေါက်တာဒင်နီနှင့် ဒေါ်အိုင်ရင်းမိသားစု၊ ဦးစိန်မင်းနှင့် ဒေါ်မြသောင်း မိသားစုတို့က စုပေါင်းလှူဒါန်းကြခြင်းဖြစ်သည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ မလေးရှားနိုင်ငံ အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီး Raji Dato' Abdul Rashid က လှူဒါန်းသော ကျန်းမာရေးသုံးပစ္စည်းများနှင့် ဆေးဝါးများကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် ဥပဒေရေးရာညှိနှိုင်း

ရန်ကုန် ဩဂုတ် ၁၂

ဥပဒေရေးရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် ဥပဒေရေးရာရုံးခန်း၌ကျင်းပသည်။

ဆွေးနွေးပွဲသို့ ရန်ကုန်အနောက်ပိုင်းခရိုင် ဥပဒေအရာရှိ ဦးသန်းအောင်နှင့် ခရိုင်ဥပဒေရုံးမှ ဥပဒေအရာရှိများ၊ ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေရုံးများမှ မြို့နယ်ဥပဒေအရာရှိများ၊ ဒုတိယမြို့နယ်ဥပဒေအရာရှိများ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ခရိုင်ဥပဒေအရာရှိ ဦးသန်းအောင်က (၂၃)ကြိမ်မြောက် ပြည်နယ်/တိုင်း/ခရိုင် ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအတွေ့ကြုံများနှင့် ဥပဒေရေးရာ ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးသည်။ တက်ရောက်ကြသည့် ဥပဒေအရာရှိများ၏ မေးမြန်းချက်များအပေါ် ခရိုင်ဥပဒေအရာရှိက ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

(က-ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးတိုင်း ပဲခူးခရိုင်ညောင်လေးပင်မြို့နယ်ရှိ ဘိုင်းဒါးတံတားဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

➪ **ကျောဖုံးမှ**

ယနေ့ဖွင့်လှစ်လိုက်သည့် ဘိုင်းဒါးတံတားသည် နိုင်ငံတော်၏ အဓိကအသက်သွေးကြောဖြစ်သည့် ရန်ကုန်-မန္တလေး လမ်းမကြီးပေါ်မှာတည်ရှိပြီး ဘိုင်းဒါးချောင်းကို ဖြတ်ကျော်တည်ဆောက်ပေးထားသည့် တံတားသစ်ကြီးတစ်စင်းဖြစ်ကြောင်း၊ ဘိုင်းဒါးတံတားဟောင်းသည် ၁၆ပေအကျယ်၊တစ်လမ်းသွားဖြစ်ပြီး ခံနိုင်ဝန်သည် ၁၃တန်သာရှိသဖြင့် သက်တမ်းကြာမြင့်လာသည်နှင့်အမျှဝန်လေးယာဉ်များ ဖြတ်သန်းသွားလာရန် အခက်အခဲကန့်သတ်မှုများဖြစ်လာခြင်း၊ နေ့စဉ်ဖြတ်သန်းသွားလာနေသည့် ယာဉ်စီးရေသည်လည်း တစ်နေ့ထက်တစ်နေ့တိုးတက်များပြားလာခြင်း စသည့် အချက်များကြောင့် ယခုကဲ့သို့လေးလမ်းသွား သံကူကွန်ကရစ်ခေတ်မီတံတားသစ်ကို တည်ဆောက်ပေးရခြင်းဖြစ်ကြောင်း၊ ယခုတံတားသစ်၏ အရှည်သည် ပေ၃၀၀ရှိပြီး တန်၆၀ရှိသောယာဉ်များ လုံခြုံစိတ်ချစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း။

တည်ဆောက်မည်

ဘိုင်းဒါးတံတားကဲ့သို့ ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်၌ ရှိသောအခြားတံတားဟောင်းများကိုလည်း ယခုကဲ့သို့ ခေတ်မီတံတားအဖြစ်တစ်စင်းပြီးတစ်စင်း တိုးချဲ့ပြောင်းလဲတည်ဆောက်သွားမည်ဖြစ်ကြောင်း။

ရန်ကုန်-မန္တလေးလမ်းမကြီးသည် ကုန်စည်ကူးသန်းပို့ဆောင်မှုနှင့်ခရီးသည် သွားလာမှုအထူထပ်ဆုံးဖြစ်သည့်အတွက် ခေတ်မီခြောက်လမ်းသွားလမ်းမကြီး တည်ဆောက်နိုင်ရန်နှင့် မူလလမ်းအခြေအနေတိုးတက်ကောင်းမွန်ပြီး ခရီးသည်နှင့်ကုန်စည်များ မြန်ဆန်ချောမွေ့စွာ အချိန်မရွေးသွားလာ ပို့ဆောင်နိုင်ရေးအတွက် တိုင်းရင်းသားပုဂ္ဂလိကကုမ္ပဏီခုနစ်ဖွဲ့တို့ကိုအပိုင်းအလိုက်ခွဲဝေပြီး လမ်းတိုးချဲ့တည်ဆောက် ပြုပြင်ရေးလုပ်ငန်းကို တာဝန်ပေးပြီးဖြစ်ကြောင်း၊ရွှေသံလွင်၊ အိုလံပစ်၊ ကမ္ဘောဇ၊ဒဂုံအင်တာနေရှင်နယ်၊ အေရှားဝေါလ်၊ ယုဇနကုမ္ပဏီနှင့် ဟုန်ပန်းကုမ္ပဏီတို့သည် ယခုအခါတွင် ရန်ကုန်-မန္တလေးလမ်းမကြီး၌ လုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်လျက်ရှိကြပြီး ဖြစ်သည့်အတွက် ရန်ကုန်-မန္တလေးလမ်းမကြီးသည် ယခင်ကထက် များစွာ တိုးတက်ကောင်းမွန်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "တိုင်းရင်းသားညီအစ်ကိုများအကြား အသိဉာဏ်ဖလှယ်နိုင်ဖို့၊ အတတ်ပညာဖလှယ်နိုင်ဖို့၊ ကုန်စည်ရောင်းဝယ်မှုတွေ ဖလှယ်ဖို့အတွက် ဒေသတစ်ခုနှင့်တစ်ခု သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့နေရန် လိုအပ်တယ်၊ သွားလာဆက်သွယ်မှုလွယ်ကူကောင်းမွန်ရေးအတွက် ရထားလမ်းသစ်များ၊ ကားလမ်းသစ်များဖောက်လုပ်နေရပြီး လိုအပ်တဲ့နေရာတွေမှာ တံတားကြီးများကို တည်ဆောက်နေရခြင်းဖြစ်တယ်"စသည်ဖြင့် တံတားများတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်များကို မကြာခဏကြုံကြိုက်သည့်အခါတိုင်း ရှင်းလင်းလမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

အလေးထားစီမံ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်ကိုခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်ထူထောင်ရာတွင် စီးပွားရေး အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးအကောင်အထည်ဖော်နေရသကဲ့သို့ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်လာစေရန်အတွက်လည်း ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းသွားလာရာတွင် အဓိကအသက်သွေးကြောဖြစ်သည့် ယခုရန်ကုန်-မန္တလေးလမ်းမကြီး ကောင်းမွန်ရေးသာမက ပြည်နယ်နှင့်တိုင်းအသီးသီးကို ဆက်သွယ်သည့်အခြားလမ်းမကြီးများ တိုးတက်ကောင်းမွန်ရေးကိုလည်း အလေးထားစီမံဆောင်ရွက်လျက်ရှိကြောင်း။

ယခုအခါ နိုင်ငံတော်အတွင်း ပထဝီအနေအထားအရ တောင်နှင့်မြောက်ဖောက်လုပ်ထားသည့် လမ်းမကြီးများကို တိုးချဲ့အဆင့်မြှင့်နေသကဲ့သို့ အရှေ့နှင့်အနောက်အလျားလိုက်သွားလာနိုင်သည့် ပြည်ထောင်စုလမ်းမကြီး အသစ်များကိုလည်း တိုးချဲ့ဖောက်လုပ်လျက်ရှိကြောင်း၊ လိုအပ်သည့်နေရာများတွင်တံတားကြီးများကို တစ်စင်းပြီးတစ်စင်း တည်ဆောက်လျက်ရှိရာ တစ်ပြည်လုံးတွင် ယခုဖွင့်လှစ်သည့် ဘိုင်းဒါးတံတားအပါအဝင်ပေ ၁၈၀အထက် တံတားကြီး ပေါင်း၁၅၈စင်းကို တည်ဆောက်ပေးခဲ့ပြီဖြစ်ကြောင်း၊ ပဲခူးတိုင်းအတွင်းမှာပင် ရေတွက်ကြည့်မည်ဆိုလျှင် တံတားကြီးပေါင်း ၁၅စင်း တည်ဆောက်ပြီးဖြစ်ကြောင်း။

လွယ်ကူမြန်ဆန်ရေး

တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ မော်တော်ကားလမ်းများ၊ ရထားလမ်းများ၊လေယာဉ်ကွင်းများနှင့် တံတားများကို ကြည့်မည်ဆိုလျှင် မဖွံ့ဖြိုးမတိုးတက်သေးသည့်ပြည်နယ်/တိုင်းများဖွံ့ဖြိုးတိုးတက်လာရေး၊ ပြည်နယ်နှင့်တိုင်း တစ်ခုနှင့်တစ်ခုအကြား သွားလာမှုလွယ်ကူမြန်ဆန်လာရေးတို့အတွက် ဦးတည်ဆောင်ရွက်ထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ယခုဆိုလျှင် မြန်မာပြည်မြောက်ဖျား ပူတာအိုမှ မြစ်ကြီးနား-မန္တလေး-ရန်ကုန်- မော်လမြိုင်-ထားဝယ်-မြိတ်-ကော့သောင်းအထိ သွားလာနိုင်သည့် လမ်းမကြီး ပေါ်ထွက်လာနေပြီဖြစ်သကဲ့သို့ မြစ်ကြီးနားမှ ထားဝယ်အထိ ရထားလမ်းခရီးဖြင့်လည်း သွားရောက်နိုင်ပြီဖြစ်ကြောင်း။

လေကြောင်းခရီးသွားလာမှုအနေဖြင့်လည်း ၁၉၈၈ခုနှစ်ကာလက လေကြောင်းပို့ဆောင်ရေးအတွက် အသုံးပြုနိုင်သည့် လေယာဉ်ကွင်းပေါင်း ၂၁ကွင်းသာရှိခဲ့ရာမှ ယခုအခါ လေယာဉ်ကွင်းပေါင်း ၂၆ကွင်းအထိ တိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်သည့်အပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၊ ထို့ပြင်ဂျက်လေယာဉ်ကြီးများဆင်းသက်နိုင်သည့် လေယာဉ်ကွင်းကြီးများ မြန်မာနိုင်ငံအနှံ့ပေါ်ထွက်လာပြီဖြစ်ကြောင်း။

ယခုကဲ့သို့လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်မှုလည်း ကုန်သွယ်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများသာမက ပြည်သူလူထု၏ လူမှုစီးပွားရေး အခြေအနေအရပ်ရပ်သည်လည်း တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ တိုးတက်ဖွံ့ဖြိုးမှုများသည် အလိုအလျောက်ပေါ်ထွက်လာမည်မဟုတ်သည့်အတွက် ဒေသခံပြည်သူများကလည်း မိမိရပ်ရွာ၊ မိမိဒေသဖွံ့ဖြိုးတိုးတက်လာစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးအစရှိသည့် စီးပွားရေးလုပ်ငန်းများကို ဘက်စုံတိုးတက် အောင်မြင်ဖြစ်ထွန်းလာစေရန် ကြိုးစားဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

တစ်ပြိုင်တည်းအကောင်အထည်ဖော်

နိုင်ငံတော်အစိုးရအနေဖြင့် အားသာသည့် ပြည်နယ်၊တိုင်းများကိုရောအားနည်းနေသေးသည့် ပြည်နယ်၊ တိုင်းများနှင့် နယ်စပ်ဒေသများပါမကျန်ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးသုံးရပ်ဖြစ်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီးများ စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို တစ်ပြိုင်တည်းအကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း။

ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူများတက်ညီလက်ညီ စည်းစည်းလုံးလုံး၊ညီညီညွတ်ညွတ်၊ ဦးထမ်းပဲ့ထမ်း ပူးပေါင်းဆောင်ရွက်မည်ဆိုပါက လမ်းပန်းဆက်သွယ်မှုကဏ္ဍအပါအဝင် ကဏ္ဍစုံ၊ ထောင့်စုံမှ ပြည်ထောင်စုကြီးတစ်ရပ်လုံးသည် တစ်ပြေးညီဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း။

အားကြိုးမာန်တက်အလုပ်လုပ်

နိုင်ငံတော်အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မှန်ကန်ပြီး လက်တွေ့ကျသည့် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းစဉ်များကိုလည်း သတ်မှတ်ထားပြီးဖြစ်ခြင်းကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် သတ်မှတ်လုပ်ငန်းစဉ်များအတိုင်း အားကြိုးမာန်တက် အလုပ်လုပ်ကြရန် အထူးလိုအပ်ကြောင်းနှင့် အလုပ်ဖြင့် နိုင်ငံတော်ကို တည်ဆောက်ကြရမည်ဖြစ်ကြောင်းကို မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ဖွင့်လှစ်သည့် ဘိုင်းဒါးတံတားကို တည်ဆောက်ပေးခဲ့သော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်း တင်ပါကြောင်းနှင့် ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးကြသည့် ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ပြည်သူများအားလုံးအားအထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

လမ်းညွှန်ချက်နှင့်အညီ

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဘိုင်းဒါးတံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ရန် အမျိုးသားရေးရည်မှန်းချက်အဖြစ်ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် အမျိုးသားရေးယုံကြည်ချက်၊ ခံယူချက်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို အခြေခံပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ် ချမှတ်၍ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများကိုအရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်အတွင်း ပြည်နယ်နှင့်တိုင်း၊မြို့နှင့် ကျေးလက်ဒေသများအကြားအလပ်မရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် အချိတ်အဆက်မိမိဖြင့် ဆောင်ရွက်လျက်ရှိရာ အကြောင်းအမျိုးမျိုးကြောင့် ခေတ်နောက်ကျကျန်နေသည့် နယ်စပ်ဒေသများကို အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးအရဖွံ့ဖြိုးတိုးတက်လာအောင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်ကို တစ်သားတည်း ဆက်စပ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိသဖြင့် တိုးတက်မှု အရှိန်အဟုန်လည်း ရရှိနေပြီဖြစ်ကြောင်း။

လုံခြုံချောမွေ့ဖို့လို

ယင်းကဲ့သို့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်မှာ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ရန်လိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်း၊ မကောင်းမွန်ခြင်းသည် တိုင်းပြည်တစ်ပြည်၏ဖွံ့ဖြိုးတိုးတက်မှု၊ သာယာဝပြောမှုကို ဖန်တီးဖြစ်ပေါ်စေကြောင်း၊ ကောင်းလျှင်ကောင်းသကဲ့သို့ တိုးတက်ပြီး မကောင်းလျှင် မကောင်းသကဲ့သို့ ဖွံ့ဖြိုးမှုနှေးကွေးမည်ဖြစ်ကြောင်း၊ တစ်မျိုးတင်ပြရလျှင် လူမှုရေး၊ စီးပွားရေးအခြေအနေများကို လမ်းတံတားများက ဖန်တီးပေးခြင်းဖြစ်၍ လမ်းကောင်းမွန်မှုသည် ဖွံ့ဖြိုးမှု၏အခြေခံဖြစ်ကြောင်း၊ လမ်းများသည် ဒေသထုတ်လုပ်ပစ္စည်းများကိုဈေးကွက်ရှိသည့် မြို့ရွာ၊နိုင်ငံခြားအထိ ဆက်စပ်ပေးရခြင်းဖြစ်ခြင်းကြောင့် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးအပိုင်းတွင် လမ်း၊ တံတား၊ လေယာဉ်ကွင်းရှိမှ၊ ကောင်းမွန်မှ လူနေမှု တိုးတက်လာသည်ကို ပထမဆုံးတွေ့ရခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးပြီးတိုင်းပြည်များကို ကြည့်လျှင် လမ်း၊ တံတား၊ လေယာဉ်ကွင်းများ တိုးတက်ဖောက်လုပ်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့အပြင် နောက်ပိုင်း လူမှုရေးတိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသား အချင်းချင်းထိတွေ့မှုများလာပြီး တိုင်းရင်းသားအားလုံးသည် တစ်စိတ်တစ်ဝမ်းတည်းဖန်တီး ဖြစ်တည်သွားသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

တိုးတက်တည်ဆောက်

ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် လမ်းနှင့်တံတားများကို ကွန်ရက်များကဲ့သို့ တည်ဆောက်ခဲ့သည်မှာ ၁၉၈၈မတိုင်မီက လမ်းမိုင် ၁၃၆၃၅သာရှိခဲ့ပြီး ယခုအချိန်တွင် ၁၈၁၁၂မိုင် ရှိနေပြီဖြစ်သဖြင့် ၄၄၇၇မိုင် တိုးတက်ဖောက်လုပ် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊အလားတူ ပေ၁၈၀နှင့်အထက် တံတားကြီးများသည် ဘိုင်းဒါးတံတားအပါအဝင် ၁၅၈စင်းကို တိုးတက်တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပြည်နယ်/တိုင်းအလိုက်ဆိုလျှင် ကချင်ပြည်နယ်၌ ကိုးစင်း၊ ကရင်ပြည်နယ်၌ ငါးစင်း၊ ချင်းပြည်နယ်၌ နှစ်စင်း၊ စစ်ကိုင်းတိုင်း၌၁၀စင်း၊ တနင်္သာရီတိုင်း၌ လေးစင်း၊ ပဲခူးတိုင်း၌ ၁၅စင်း၊ မကွေးတိုင်း၌ ၁၀စင်း၊ မန္တလေးတိုင်း၌ ခြောက်စင်း၊ မွန်ပြည်နယ်၌နှစ်စင်း၊ ရခိုင်ပြည်နယ်၌ ၂၅စင်း၊ ရန်ကုန်တိုင်း၌ ၂၃စင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ နှစ်စင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ သုံးစင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ သုံးစင်း၊ ဧရာဝတီတိုင်း၌ ၃၉စင်း စုစုပေါင်း ၁၅၈စင်း တည်ဆောက်ခဲ့ကြောင်း။

ယနေ့ဖွင့်လှစ်သည့် ဘိုင်းဒါးတံတားသည် ပဲခူးတိုင်းတွင် ၁၅စင်းမြောက်တံတားဖြစ်ကြောင်း၊ ဘိုင်းဒါးတံတားအတွက် ကုန်ကျစရိတ်မှာ ငွေကျပ်၆၀၉ဒသမ၄သန်းဖြစ်ပြီး ပဲခူးတိုင်းအတွင်းမှ တည်ဆောက်ပြီးစီးခဲ့သည့် တံတားကြီး ၁၅စင်းအတွက် အသုံးပြုခဲ့သည့်ငွေကျပ်မှာ ၅၆၅၁ဒသမ၇သန်းနှင့် အမေရိကန်ဒေါ်လာ ၈ဒသမ၇၃၅သန်းရှိကြောင်း၊ ပဲခူးတိုင်းအတွင်း၌ တည်ဆောက်ဆဲ ကွင်းချောင်းတံတားကိုလည်း မကြာမီဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စစ်တောင်းတံတား(နတ်သံကွင်း) ပဲခူးမြို့တွင်းတံတားနှင့် ပဲခူးမြို့ရှောင်လမ်း တံတားများကိုလည်း တည်ဆောက်သွားရန် လျာထားပြီးဖြစ်ကြောင်း၊ ပဲခူးတိုင်းအတွင်း လမ်းမိုင်ကို ကြည့်မည်ဆိုလျှင် ၁၉၈၈ခုနှစ်တွင် စုစုပေါင်း ၈၁၅မိုင်ရှိရာမှ ၂၀၀၃ခုနှစ်တွင် ၉၄၉မိုင် ၇ဖာလုံရှိသဖြင့် ၁၃၄မိုင်၇ဖာလုံ တိုးတက်လာခဲ့ကြောင်း။

အစားထိုးတည်ဆောက်

ဘိုင်းဒါးတံတားသည် ရန်ကုန်-မန္တလေးလမ်းမကြီးပေါ် ၈၈မိုင်၃ဖာလုံကျော်၌ တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ မူလကတစ်လမ်းမောင်း RPT သံပေါင်တံတားအမျိုးအစားဖြစ်၍ တိုးတက်လာသည့် ယာဉ်စီးရေနှင့် ဝန်လေးယာဉ်များ အသုံးပြုလာမှုကြောင့် အဆင့်မြှင့်ပြီးတည်ဆောက်ရန် လိုအပ်လာသည့်အတွက် ယခုကဲ့သို့ လေးလမ်းသွား သံကူကွန်ကရစ်တံတားအဖြစ်အစားထိုး တည်ဆောက်ရခြင်းဖြစ်ကြောင်း။

ဘိုင်းဒါးတံတား တည်ဆောက်ရေးလုပ်ငန်းအတွက် အသုံးပြုခဲ့ရသည့်ပစ္စည်းများမှာဘိလပ်မြေ ၁၂၁၃တန်၊ သံချောင်းရှယ်စုံ၆၂၁တန်၊ ကျောက်ရှယ်စုံ ၃၅၅ကျင်း၊ သဲ၄၆၆ကျင်း၊ ဒီဇယ်ဆီ၉၄၃၀၁ဂါလန်တို့ဖြစ်ကြောင်း၊ ဤတံတားကြီးပြီးစီးသွားသဖြင့် ရန်ကုန်-မန္တလေးလမ်းမကြီး၌ ယာဉ်များ ယခင်ကထက်မြန်ဆန်သွက်လက်စွာ သွားလာနိုင်မည်ဖြစ်သကဲ့သို့ ကုန်စည်များကိုလည်း ယခင်ကထက် ပိုပြီး မြန်မြန်နှင့်များများ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်တွင် မကြာမီကွင်းချောင်းတံတားကိုလည်း ဖွင့်လှစ်ပေးနိုင်အောင်အရှိန်အဟုန်ဖြင့် တည်ဆောက်

ညောင်ကန်အေးရိပ်သာ ၁၅ရက်စခန်း တရားအားထုတ်ပွဲ

ရန်ကုန် ဩဂုတ် ၁၂

အင်းစိန်မြို့နယ် ရန်ကုန်–အင်းစိန်လမ်းမကြီး အမှတ်(၆)ရှိ မဟာစည်ဩဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ သီတင်းကျွတ် ၁၅ ရက်စခန်း တရားအားထုတ်ပွဲကို အောက်တိုဘာ ၂ ရက် (ကြာသပတေးနေ့) မှ အောက်တိုဘာလ ၁၆ ရက် (ကြာသပတေးနေ့)အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းကို အောက်တိုဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ဒုလ္လဘရဟန်းတစ်ပါး သပိတ်သင်္ကန်းပရိက္ခရာအတွက် ကျပ် ၆၀၀၀၊ ရှင်သာမဏေ တစ်ပါး ကျပ် ၅၀၀၀၊ အရုဏ်ဆွမ်းတစ်ရက် ကျပ် ၂၀၀၀၀၊ နေ့ဆွမ်း ကျပ် ၅၀၀၀၀၊ ဖျော်ရည် ကျပ် ၅၀၀၀ဖြင့် အဆိုပါရိပ်သာ ဖုန်း–၆၄၂၂၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

လျက်ရှိကြောင်း၊ အမြန်ပြီးစီးဖွင့်လှစ်နိုင်ရန်အတွက် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးသွားကြရန်နှင့် ဖွင့်လှစ်ပြီးသွားသည့် တံတားများကိုလည်း သက်တမ်းပြည့် အသုံးပြုနိုင်အောင် ထိန်းသိမ်းအသုံးပြုသွားကြပါဟု ပြောကြားရင်းနိဂုံးချုပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသွားသည်။

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုက အမှာစကား ပြောကြားရာတွင် ယနေ့သည် ပဲခူးတိုင်းအတွင်း ရန်ကုန်–မန္တလေးလမ်းမကြီး ပေါ်ရှိ အရှည်ပေ ၃၀၀ ဘိုင်းဒါး လေးလမ်းသွား ကွန်ကရစ်တံတားကို အောင်မြင်စွာဖွင့်လှစ်နိုင်သောနေ့ဖြစ်၍ ပဲခူးတိုင်းအတွင်း မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ကြောင်း၊ ဘိုင်းဒါးတံတားသည် ပဲခူးတိုင်းအတွက်ဖွင့်လှစ်နိုင်ခဲ့သော ပေ ၁၈၀နှင့်အထက်တံတား ၁၅စင်းမြောက်ဖြစ်ပြီး နိုင်ငံတော်တစ်ခုလုံးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောက်လုပ်ဖွင့်လှစ်ပေးခဲ့သည့် ၁၅၈စင်းမြောက် တံတားလည်းဖြစ်ကြောင်းကို သိရကြောင်း။

ဘိုင်းဒါးတံတားသည် တစ်ချိန်က တစ်လမ်းသွား RPT ပေါင်တံတား တစ်ခုသာဖြစ်ခဲ့ကြောင်း၊ ကုန်အလေးချိန် သတ်မှတ်ချက်ရှိပြီး တစ်လမ်းသွား တံတားဖြစ်၍ ယာဉ်ကြီး၊ ယာဉ်ငယ်များကို တစ်ဖက်ပြီးမှတစ်ဖက်ကိုစောင့်၍ ဖြတ်သန်းသွားလာခဲ့ကြရကြောင်း၊ နှစ်ပေါင်း ၆၀ခန့်ကဆောက်လုပ်ခဲ့သည့် သံပေါင်တံတားဖြစ်ပြီး တိုးတက်ပြောင်းလဲလာသည့်ယာဉ်ဦးရေ၊ ယာဉ်တစ်စီးချင်းအလေးချိန်၊ ယာဉ်အမျိုးအစားနှင့်ကိုက်ညီမှုမရှိသည့်အတွက် နိုင်ငံတော်က ပဲခူးတိုင်းအတွက် တည်ဆောက်ပေးခဲ့သည့် လေးလမ်းသွား ကွန်ကရစ် တံတားဖြစ်ကြောင်း၊ ယာဉ်တစ်စီးချင်းတန် ၆၀ အထိ ခွင့်ပြုနိုင်ပြီး လေးလမ်းသွား တံတားဖြစ်၍ ယခုအခါတွင်ယာဉ်များသည် ယာဉ်ကြောတစ်ဖက်စီတွင် နှစ်လမ်းသွားအဖြစ် ချောမွေ့စွာသွားလာနိုင်ကြပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တစ်နိုင်ငံလုံး တစ်ပြေးညီ တိုးတက်ရေးနှင့်တိုင်းနှင့်ပြည်နယ်အားလုံးတွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ တိုးတက်ရေးအတွက် လမ်း၊ တံတားများကို တိုးတက်အောင် လမ်းညွှန်မှုများပြုကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပဲခူးတိုင်းအတွင်း ရန်ကုန်–မန္တလေးလမ်းပေါ်တွင် ကဒုတ်တံတား ၁၉၆ ပေ၊ ကောလိယတံတား ၁၉၆ ပေ၊ ရဲနွယ်တံတားပေ ၃၆၀၊ ဖြူးချောင်းတံတား ၄၆၈ ပေ၊ ခပေါင်းတံတား ပေ ၆၀၀ လေးလမ်းသွား ကွန်ကရစ်တံတားများကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ရန်ကုန်–မန္တလေး လမ်းပေါ်သာမက ပေ၁၅၀၀ရှည် စစ်တောင်းမြစ်ကူး

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရသည် အခက်အခဲအမျိုးမျိုးကြားမှ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေး၊ နယ်မြေဒေသတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များ တစ်ပြေးညီ တိုးတက်စေရေးအတွက် အထောက်အကူဖြစ်စေသည့် ဤသို့သောတံတားကြီးများ တည်ဆောက်ပေးမှုများကို အထူးကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုကြောင်း၊ အလားတူ နိုင်ငံတော်၏စေတနာကို အလေးထားပြီး တည်ဆောက်ခဲ့သော လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းသွားကြပါရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဘိုင်းဒါးတံတားတည်ဆောက်ပြီးစီး၍ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်လာခြင်းနှင့်ဒေသပိုမိုဖွံ့ဖြိုးတိုးတက်လာမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးစိုးပိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဖဲကြိုးဖြတ်ဖွင့်လှစ်ရန် တံတားထိပ်သို့ ရောက်ရှိနေရာယူကြပြီး မင်္ဂလာအချိန် နံနက် ၈နာရီ ၁၅မိနစ်တွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ဘိုင်းဒါးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေး စီမံကိန်းမှ တာဝန်ရှိသူများ၊ ဒေသခံများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ကျောက်စာတိုင်ဖွင့်လှစ်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဘိုင်းဒါး တံတား မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်မှူးချုပ်ကိုကို၊ ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများသည် ဘိုင်းဒါးတံတားသစ်ပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ဘိုင်းဒါးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တံတား(ရွှေကျင်–မဒေါက်) ကိုလည်း ၁၁–၂–၂၀၀၃ နေ့က ဖွင့်လှစ်နိုင်ခဲ့သဖြင့် ပဲခူးတိုင်းအတွက် ဂုဏ်ယူဖွယ်ရာများဖြစ်သကဲ့သို့ နိုင်ငံတော်အကြီးအကဲ၏ ပြည်နယ်နှင့်တိုင်းများအပေါ်ထားရှိသည့် စေတနာကိုဖော်ပြရာလည်း ရောက်ရှိကြောင်း။

ရန်ကုန်–မန္တလေးလမ်းကိုလည်း တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများက အဆင့်မြှင့်၍ လေးလမ်းသွားလမ်းအဖြစ်ရောက်ရှိစေရေး နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက်လျက်ရှိနေချိန်တွင် ယခုဘိုင်းဒါးလေးလမ်းသွား ကွန်ကရစ်တံတားကြီး ဖွင့်လှစ်နိုင်မှုသည် မြန်မာနိုင်ငံ၏အထက်နှင့်အောက် ကုန်စည်စီးဆင်းမှုများကို ပိုမိုမြန်ဆန်ချောမွေ့စေမည်ဖြစ်ကြောင်း။

မကြာမီပြီးစီးမည်

အလားတူရန်ကုန်–မန္တလေးလမ်းမကြီးပေါ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပေ ၅၀အထက် တံတားများဖြစ်သော တံတားအမှတ် ၂/၆၇ ပေ ၈၀နှင့် တံတားအမှတ် ၁/၇၄ ပေ ၁၀၀၊ လေးလမ်းသွားကွန်ကရစ်တံတားများကို ဆက်လက်တည်ဆောက်လျက်ရှိကြောင်း၊ တံတားအမှတ် ၁/၁၃၀ ကွင်းချောင်းတံတား ပေ ၃၀၀ကိုလည်း လေးလမ်းသွား ကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်လျက်ရှိရာ မကြာမီပြီးစီး၍ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ရန်ကုန်–မန္တလေးလမ်းပေါ်ရှိ သင့်တော်သော ပေ ၅၀အထက်တံတားများကို နိုင်ငံတော်အနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောက်လုပ်သွားရန် အစီအစဉ်များရှိကြောင်းလည်း သိရှိရသည့်အတွက် ကျေနပ်အားရဖြစ်မိကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့တိုင်းအတွင်း လမ်းပန်းဆက်သွယ်မှု ပိုမိုလျင်မြန်လွယ်ကူချောမွေ့လာမည်ဖြစ်သကဲ့သို့ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်သည့်အတွက် စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တံတားများတည်ဆောက်သည့်အခါတွင် လိုအပ်ချက်များကိုလည်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပဲခူး–တောင်ငူ လမ်းပိုင်း၊ ရန်ကုန်–မန္တလေး ကားလမ်းပေါ်ရှိ ဘိုင်းဒါးတံတားသည် အရှည်ပေ ၃၀၀ရှိပြီး ခန်းဖွင့်ဖွဲ့စည်းပုံမှာ ပေ ၆၀အရှည် ငါးခန်းပါရှိသည်။ ယာဉ်သွားလမ်းအကျယ်ပေ ၅၀နှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင်ငါးပေစီ ပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ်၄၈ပေ၊ အမြင့်ငါးပေ ဖြစ်သည်။ တံတားအမျိုးအစားမှာ အပေါ်ထည် သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းအောက်ထည် သံကူကွန်ကရစ်ပိုင်တိုင်ဖြစ်သည်။ ယာဉ်တစ်စီးချင်း၏ ခွင့်ပြုတန်ချိန်မှာ တန် ၆၀ဖြစ်သည်။

အဆိုပါ ဘိုင်းဒါးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)က ၂၀၀၁ ခုနှစ် မေ၅ ရက်က စီမံကိန်းစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၃ခုနှစ် မေ ၁၅ ရက်တွင် စီမံကိန်းတစ်ခုလုံးအပြီးသတ်ဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့တွင် ဖွင့်လှစ်ခြင်း ဖြစ်သည်။ (သတင်းစဉ်)

အင်အားအသင့်အတင့် မြေငလျင်လှုပ်ရှား

ရန်ကုန် ဩဂုတ် ၁၂

၂၀၀၃ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့ မြန်မာစံတော်ချိန် ဝ၃နာရီ ၅၃မိနစ် ၃၆စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ အနောက်ဘက် ၃၃၇မိုင်ခန့် ကွာဝေးသောနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၅ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

စီးပွားကုန်းသန်း ရှေ့သို့လှမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကြာအင်းဆိပ်ကြီးမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးမှာကြား

ရန်ကုန် ဩဂုတ် ၁၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ သထုံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၉ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့သို့သွားရောက်၍ နယ်မြေခံတပ်ရင်း၌ ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် နယ်မြေခံတပ်ရင်း သူရငွေထွန်းခန်းမ၌ ကြာအင်းဆိပ်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအားတွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်နေမှု အခြေအနေများ၊နယ်မြေခံတပ်မတော်သားများကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေးအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် အကောင်အထည်ဖော်ဆောင်ရွက်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကြာအင်းဆိပ်ကြီးတပ်နယ်ရှိ မိသားစုဝင်များအတွက် ထောက်ပံ့ငွေများကို တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က နယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်ကျော်ငြိမ်းထံ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့သည် ကြာအင်းဆိပ်ကြီးမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ပည်းမော်ကွန်းကျောက်စာနှင့် ပညာရေးဆောင်ပုဒ်ဖွင့်ပွဲ အခမ်းအနားနှင့် ပညာ့အလင်းခေတ်မီ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံကိုအလေးပြုကြပြီး နိုင်ငံတော်သီချင်းကိုသံပြိုင်သီဆိုကြသည်။

ဆောင်ပုဒ်ဖွင့်လှစ်

ထို့နောက် မြန်မာ့ပညာရေး မျှော်မှန်းချက် ကမ္ပည်းမော်ကွန်း ကျောက်စာနှင့် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ ပညာရေးဆောင်ပုဒ်ကို ထူးချွန်ကျောင်းသား၊ ကျောင်းသူကလေးများက ရွှေကြိုးဆွဲ၍ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ကျောင်းသား၊ကျောင်းသူကလေးများကမြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဂုဏ်ပြုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပညာ့အလင်း ခေတ်မီစာကြည့်တိုက်ဖွင့်ပွဲကို ဆက်လက်ကျင်းပရာ အခမ်းအနားကို တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် နယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်ကျော်ငြိမ်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပညာ့အလင်း ခေတ်မီစာကြည့်တိုက် ဆိုင်းဘုတ်ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက် သည်။

ညွှန်ကြားဆောင်ရွက်

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးဝင်းတင့်က ဖွင့်ပွဲအထိမ်းအမှတ်အလှူငွေများကို ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊တိုင်းမှူးနှင့်စစ်ဗျူဟာမှူးတို့ထံပေးအပ်ပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တက်ရောက်လာကြသူများနှင့်အတူ ပညာ့အလင်း ခေတ်မီစာကြည့်တိုက်အတွင်း ဝင်ရောက်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

ယင်းနောက် ပညာ့အလင်းခေတ်မီစာကြည့်တိုက်ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ပညာတန်ဆောင်ခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်ကျော်ငြိမ်းက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပညာ့အလင်းခေတ်မီစာကြည့်တိုက် ဖြစ်ပေါ်လာရခြင်း အကြောင်းကို ကျောင်းအုပ်ဆရာကြီး ဦးဝင်းတင့်က ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ပညာရေးကဏ္ဍသည် အဓိကကျကြောင်း၊ နိုင်ငံတော်ကလည်း ပညာရည်မြင့်မားရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ မျိုးဆက်သစ်လူငယ်များ ပညာရည်မြင့်မားရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးဝန်ထမ်းများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုကဲ့သို့ ပညာ့အလင်းခေတ်မီစာကြည့်တိုက် ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ရပ်မိရပ်ဖများအား နိုင်ငံတော်ကကျေးဇူးတင်ရှိပါကြောင်းဖြင့် ဂုဏ်ပြုစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃–၈–၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၆။ တေးဂီတအစီအစဉ်
- ၈:၂၀ ၇။ အတီးပြိုင်ပွဲ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Learning English The Easy And Happy Way For Children And Beginners.
- ၉:၀၀၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၀၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၁၀ ၆။ ရွှေပေးလို့မရ (အပိုင်း–၁) (ပန်းဖြူခိုင်သင်းကြည်၊ လှအဥ္ဇလီတင့်) (ဒါရိုက်တာ–မောင်နှင်းမိုး) (ရှမ်းဘာသာစကားဖြင့်)
- ၅:၂၅ ၇။ သီချင်းကြီးပဒေသာ
- ၅:၄၀ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၅၀ ၉။ သံလွင်တံတား(မော်လမြိုင်)
- ၆:၀၀၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆:၁၅၁၁။ Discovery.
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ Milo Success in Soccer.
- ၇:၁၀ ၁၅။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၇:၂၀ ၁၆။ တေးဂီတအစီအစဉ်
- ၇:၃၅ ၁၇။ ဝင်ငွေတိုးစေဖို့ မက္ကဒေးမီးယားသီးနှံစိုက်ကြစို့
- ၇:၄၅၁၈။ မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲ (အပိုင်း–၂)
- ၈:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ ဟိုတယ်ချစ်သူ (အပိုင်း–၁)**
- ၂၃။နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

သားငါးဖွံ့ဖြိုး၊ ဖြည့်အကျိုး

➪ ချောင်းမကြီး(မြို့လှ)မှ

ကုန်ကြမ်းဖူလုံရေးကို အထောက်အကူပြုရန်ရည်ရွယ်ချက်ဖြင့် ၂၀၀၂–၂၀၀၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်လျက်ရှိသည်။

စီမံကိန်းရေးဆွဲ

ချောင်းမကြီး(မြို့လှ) ရေလှောင်တမံသည် ချောင်းမကြီးချောင်းပေါ်တွင် မြေသားတမံတည်ဆောက်ပြီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၇၂၀၀ ကို ထိန်းသိမ်း၍ ဧရိယာဧက ၃၀၀၀ ကို ဆည်ရေပေးဝေရန် စီမံကိန်းရေးဆွဲ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ၏အမြင့်မှာ ပေ ၇၀ ရှိပြီး ပင်မတမံအလျားမှာ ပေ ၃၆၀၀ဖြစ်သည်။ ကုန်းကြောတမံကို အလျားပေ ၁၄၀၀ ဖြင့် တည်ဆောက်ထားသည့် အလျောက်၊ ကန်ရေပြည့် ရေလှောင်တမံ ပမာဏမှာ ဧကပေ ၉၅၀၀ လှောင်မည်ဖြစ်ပြီး ကန်ရေသေ ရေလှောင်ပမာဏမှာ ဧကပေ ၁၅၀၀ ရှိမည်ဖြစ်ရာ ကန်ရေပြည့်ရေပြင်ကျယ်သည် ဧရိယာ ၄၂၅ ဧကဖြစ်သည်။

ဆည်ရေသောက် ဒေသများသို့ ဆည်ရေကို ရေပေးနိုင်ရန်အတွက် သံကူကွန်ကရစ်ဖြင့်တည်ဆောက်သော အချင်းသုံးပေ၊ အလျားပေ ၂၃၀ ရှိသည့် ရေထုတ်ပြွန်မှ ရေပေးမည်ဖြစ်သည်။ ရေထုတ်ပြွန်ရေထုစီးနှုန်းမှာ ၅၀ ကုဗပေ/စက္ကန့်ဖြစ်ပြီး သတ်မှတ်ထားသော ရေလှောင်ပမာဏထက် ကျော်လွန်လာသောရေများကို အကျယ်ပေ ၃၀ ရှိသည့် သံကူကွန်ကရစ်ရေပိုလွှဲမှ ၁၈၀၀ ကုဗပေ/စက္ကန့် ရေထုစီးနှုန်းဖြင့် ချောင်းအတွင်းသို့ ချပေးမည်ဖြစ်သည်။

ချောင်းမကြီးရေလှောင်တမံ(မြို့လှ) စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခန့်မှန်းကုန်ကျငွေကျပ် ၅၄၈ သန်းဖြင့် တည်ဆောက်ခဲ့ပြီး (က) ပင်မတမံတည်ဆောက်ခြင်း၊ (ခ) ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်တည်ဆောက်ခြင်း၊ (ဂ) ရေပိုလွှဲတည်ဆောက်ခြင်း၊ (ဃ) ရေသောက်ဧရိယာတူးမြောင်း တည်ဆောက်ခြင်းကဏ္ဍတို့ကို ဆောင်ရွက်ခဲ့သည်။

ရာနှုန်းပြည့်ပြီးစီး

ချောင်းမကြီး(မြို့လှ) ရေလှောင်တမံတည်ဆောက်ခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးသွားပြီ ဖြစ်သောကြောင့် ရက်များမကြာမီအတွင်း အခု ၁၅၀ မြောက် ရေလှောင်တမံအဖြစ် ဖွင့်လှစ်တော့မည်ဖြစ်သည်။

အကျိုးဖြစ်ထွန်း

နိုင်ငံတော်အစိုးရသည် ပဲခူးတိုင်းအတွင်း တည်ဆောက်ပေးခဲ့သော ဆည်မြောင်းတာတမံပေါင်းမှာ ချောင်းမကြီး (မြို့လှ)အပါအဝင် ဆည်မြောင်းတာတမံပေါင်း ၃၈ခု ရှိပြီဖြစ်သည်။ ဆည်မြောင်းတာတမံပေါင်း ၃၈ခုအတွက် နိုင်ငံတော်က ငွေကျပ်သန်းပေါင်း နှစ်သန်းသုံးထောင်ကျော် ကျခံတည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး ယင်းဆည်မြောင်းတာတမံများမှ ဒေသခံတောင်သူလယ်သမားကြီးများအတွက် လယ်မြေဧက ၅၈၉၀၀၀ ကျော်ကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

ရေဘေးကာကွယ်

ပဲခူးတိုင်းအတွင်း၌ တည်ဆောက်ဆဲစီမံကိန်းများအဖြစ် လယ်မြေဧကတစ်သိန်းကျော်စီကို အကျိုးပြုမည့် ရဲနွယ်ရေလှောင်တမံ၊ ဖြူးချောင်းရေလှောင်တမံ၊ ခပေါင်းရေလှောင်တမံနှင့် ခဝါရေလှောင်တမံ၊ ဇွဲဘတ်ရေထိန်းတံခါးနှင့် ရွှေလှေရေထိန်းတံခါးတို့ တည်ဆောက်ပြီးစီးပါက ဆည်ရေသောက်နှင့် ရေဘေးကာကွယ်ခြင်းတို့ ပြုလုပ်နိုင်မည်ဖြစ်သည်။

အစီအရီဖြစ်ထွန်း

ဆည်မြောင်းတာတမံ စီမံကိန်းများကို နိုင်ငံတော်က အထူးအလေးထား တည်ဆောက်ပေးလျက်ရှိသည့်အလျောက် စီမံကိန်းတစ်ခုပြီးတစ်ခု အစီအရီအကောင်အထည်ဖော် ဖြစ်ထွန်းလာပြီဖြစ်သည်နှင့်အမျှ ပဲခူးတိုင်းသည်လည်း စိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံတော်က အားထားရသည့် တိုင်းတစ်တိုင်းအဖြစ် ဖြစ်ထွန်းလာနေပြီ ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(ကြေးမုံ)**

ရေပိုလွှဲ

ရေတာရှည်မြို့နယ် ချောင်းမကြီး(မြို့လှ)ရေလှောင်တမံတွင် သတ်မှတ်ထားသော ရေမှတ်ထက်ကျော်လျှင် ရေထုတ်ပေးမည့် ရေပိုလွှဲကို တွေ့ရစဉ်။
ဓာတ်ပုံ–အောင်မိုး(ကြေးမုံ)



မကြာမီ ဖွင့်လှစ်တော့မည့် ရေတာရှည်မြို့နယ် ချောင်းမကြီး (မြို့လှ) ရေလှောင်တမံတွင် ဖွင့်ပွဲကျင်းပရန် အဆင်သင့်ဖြစ်နေသော ပင်မတမံကို တွေ့ရစဉ်။
ဓာတ်ပုံ–အောင်မိုး(ကြေးမုံ)

စိုက်ပျိုးမြေဧက ၃၀၀၀ သို့ ရေထုတ်ပြွန်မှတစ်ဆင့် ရေသွယ်မြောင်းဖြင့် ရေပေးနိုင်ရန် ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ၌ ရေသွယ်မြောင်း တည်ဆောက်ထားသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ–အောင်မိုး(ကြေးမုံ)

ကွမ်းခြံကုန်းအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဩဂုတ် ၁၂

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် မြို့နယ်ဖွံ့ဖြိုးရေးအလှူငွေပေးအပ်ပွဲကို ဩဂုတ် ၃ရက်နံနက်က ကွမ်းခြံကုန်းမြို့ ကျက်သရေဆောင် မဟာတိလောက မုန်ကူသွန်းဘုရားကြီးရင်ပြင်၌ ကျင်းပရာ ကွမ်းခြံကုန်းမြို့ သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဦးဇဠိလ (ကျောင်းသစ်ကျောင်းတိုက်) အမှူးပြုသော သံဃာ ၁၀ပါးနှင့် အသင်းသူ၊ အသင်းသားများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် မြို့နယ်အသင်းဥက္ကဋ္ဌ ဦးကျော်ခိုင်က ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် ဖွံ့ဖြိုးရေးအလှူငွေပေးအပ်ခြင်းအကြောင်းကို လျှောက်ထားပြီး မဟာတိလောက မုန်ကူသွန်းဘုရားကြီး၊ ကွမ်းခြံကုန်းမြို့နယ်ပြည်သူ့ဆေးရုံ၊ အထက်တန်းကျောင်း အမှတ်(၁)နှင့် (၂)တို့အား မြို့နယ်အသင်းဝင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ (က–ပ)

ဝေမှူးသွင်၏ လုံးချင်းဝတ္ထုသစ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၂

ဝေမှူးသွင် ရေးသားသော "ဝတ်မှုန်ကူးတဲ့ကြယ်"အမည်ရှိ လုံးချင်းဝတ္ထုကို **(အပေါ်ပုံ)** ငွေစင်ဦးစာပေမှ စီစဉ်၍ ရွှေအိမ်မှူးစာပေ အမှတ်(၂၁၆) ၃၁လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၇၈၅၁၂ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ စာအုပ်တန်ဖိုးမှာ ကျပ် ၆၅၀ ဖြစ်သည်။ (က–ပ)

အီလက်ထရောနစ် သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၂

တိုင်းအီလက်ထရောနစ်သင်တန်းမှ TV,VCR,VCD,CD, ရေဒီယို၊ ကက်ဆက်၊ အခြေခံ အီလက်ထရောနစ် စက်ပြင်သင်တန်းနှင့် Satellite Receiver တပ်ဆင်ခြင်း သင်တန်းများကို သင်တန်းမှူးဆရာကြီး ဦးမောင်မောင်တင်ဦးစီး၍ ဝါရင့်အတွေ့အကြုံရှိသော ဆရာများဖြင့် တစ်ဦးချင်း စာတွေ့ လက်တွေ့ စနစ်တကျ သင်ကြားပို့ချပေးမည်ဖြစ်သည်။

သင်တန်းကာလပြီးဆုံးအောင်မြင်ပါက သင်တန်းဆင်းအောင်လက်မှတ်နှင့် စက်ပြင်ဆင်ခွင့်လိုင်စင်ကို တစ်ပါတည်း ပေးအပ်မည်ဖြစ်သည်။

စိတ်ဝင်စားသူများ တိုင်းအီလက်ထရောနစ်သင်တန်း အမှတ်(၇၀) အင်းစိန်လမ်းမ (၉)ရပ်ကွက် ဘူတာရုံမှတ်တိုင်နှင့် သုခမှတ်တိုင်ကြား လှိုင်မြို့နယ် ရန်ကုန် ဖုန်း–၅၃၅၁၅၁ နှင့် ၀၉၈၀–၃၄၅၄၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဆပွားမြေဩဇာထုတ်လုပ်မှုနှင့် ဒေသကြက်နှင့်ဝက်မွေးမြူမှုများ တိုင်းမှူး ဗိုလ်ချုပ်မြွေးဦးနှင့် ဒုတိယတိုင်းမှူး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၂

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြွေးဦးသည် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများလိုက်ပါလျက် ဩဂုတ်၁၁ရက် နံနက်ပိုင်းက အနောက်တောင်တိုင်းစစ်ဌာနချုပ် မွေးမြူရေးခြံသို့သွားရောက်၍ ဒေသကြက်မွေးမြူထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တိုင်းမှူးက ရောဂါကာကွယ်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆပွားမြေဩဇာထုတ်လုပ်မှု

ယင်းနောက် တိုင်းမှူးသည် အဆိုပါ မွေးမြူရေးခြံအတွင်း တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများနှင့် အုန်းဆံမှုန့်တို့မှ ဆပွားမြေဩဇာ ထုတ်လုပ်မှုအဆင့်ဆင့်ကို လည်းကောင်း၊ အောင်မြင်ဖြစ်ထွန်းနေသော မျိုးကောင်းမျိုးသန့်အသားတိုးဝက် မွေးမြူထားရှိမှု အခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်း လိုအပ်ချက်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဒေသကြက်နှင့်ဝက်

အဆိုပါ မွေးမြူရေးခြံတွင် ဒေသကြက်ကောင်ရေ၄၅၀၊ အသားတိုးဝက်ကောင်ရေ ၁၈၀ မွေးမြူထားရှိပြီး တိရစ္ဆာန်စွန့်ပစ်အညစ်အကြေးများကို အုန်းဆံဆပွားမြေဩဇာပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုလျက်ရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုလုပ်ငန်းအဖွဲ့များ၏ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မူးယစ်ဗဟို ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ညောင်ကန်အေးပရဟိတကျောင်းသို့ ဆွမ်းလှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၁၂

မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာမဋ္ဌနာစရိယ ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တ ဣန္ဒကနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နယူးယောက်ဆရာတော် ဘဒ္ဒန္တ ဣန္ဒကတို့ ဦးစီးတည်ထောင်သည့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ညောင်နှစ်ပင်သီးနှံစိုက်ပျိုးရေး အထူးဇုန်(၂)အတွင်း ညောင်ကန်အေးလောကချမ်းသာ ပရဟိတကျောင်း၌ ကျောင်းထိုင်နာယက တက္ကသိုလ ဓမ္မာစရိယ B.A (Buddhism) မော်လူး အရှင်ဉာဏိသရနှင့် သံဃာတော်များ ဝါဆိုသာသနာပြုလျက်ရှိရာ အရဏ်ဆွမ်း ကျပ် ၃၀၀၀ဖြင့်လည်းကောင်း၊ နေ့ဆွမ်း ကျပ် ၅၀၀၀ဖြင့် လည်းကောင်း အင်းစိန်ညောင်ကန်အေး သာသနာ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့ ဖုန်း–၆၄၂၂၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တွေ့ဆုံညှိနှိုင်းစည်းဝေး မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၁၂

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုလုပ်ငန်းအဖွဲ့များ၏ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်နှင့် ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများဖြစ်သည့် ဒုတိယဝန်ကြီးများ၊ အတွင်းရေးမှူးများဖြစ်ကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှိုင်က ပန်းတိုင်သစ်စီမံကိန်းကို ၂၀၀၂–၂၀၀၃ ခု ဘဏ္ဍာရေးနှစ်တွင် စတင်ခဲ့ပြီး လျာထားချက်၏ ၉၂ ဒသမ ၄၈ရာခိုင်နှုန်းအထိ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးနိုင်ခဲ့သဖြင့် ထိရောက်အောင်မြင်မှု ရှိခဲ့ကြောင်း၊ ပန်းတိုင်သစ်စီမံကိန်း၏ အောင်မြင်မှုများကို သတင်းမီဒီယာအပိုင်းနှင့် နိုင်ငံတကာ အစည်းအဝေးများတွင် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းခြင်း၊ သတင်းထုတ်လွှင့်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပန်းတိုင်သစ် စီမံကိန်းအရ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးခဲ့ကြသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးနှင့် လောက်ကိုင်ဒေသများမှ တောင်သူများမိုးတွင်း စားနပ်ရိက္ခာအတွက် ဆန်အိတ် ၆၀၀၀နှင့် ဆားအိတ်၁၅၀ကိုနတလ လုပ်ငန်းကော်မတီ ရန်ပုံငွေမှ ထောက်ပံ့ခဲ့ကြောင်း၊ ယခု ဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၀၃–၂၀၀၄ ခု မကုန်မီတွင် နောက်ထပ် ဆန်နှင့်ဆားများ ထောက်ပံ့ရန် အစီအစဉ်ရှိကြောင်းဖြင့်ရှင်းလင်း ပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဗိုလ်မှူးကြီးတင်လှိုင်က မြန်မာနိုင်ငံနှင့် UNODC တို့ ပူးပေါင်းဆောင်ရွက်သည့် တရားမဝင်ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်းကောက်ယူရေး လုပ်ငန်းဆောင်ရွက်ချက်အရ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် "ဝ" အထူးဒေသ နယ်မြေတစ်ခုချင်းအလိုက် ၂၀၀၃ ခုနှစ် ဘိန်းစိုက်ပျိုးမှု၊ မြေပြင်စာရင်းကောက်ယူရရှိမှုအပေါ် သုံးသပ်တွေ့ရှိမှု၊ ပန်းတိုင်သစ်စီမံကိန်းအတွက် ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီမှ ရန်ပုံငွေ ခွဲဝေချထားပေးမှု၊ ပန်းတိုင်သစ်စီမံကိန်း နယ်မြေဒေသများအတွင်း အစားထိုးမွေးမြူရေးအတွက် မျိုးဝက်၊ မျိုးကြက် တိရစ္ဆာန်များ ဖြန့်ဖြူးနိုင်ခဲ့မှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့မှ ကြီးမှူးပြီး တာချီလိတ်ခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း စေတနာ့ဝန်ထမ်းကြီးကြပ်ရေးမှူး သင်တန်း ဖွင့်လှစ်နိုင်မှု၊ မြဝတီခရိုင် မူးယစ်ဆေးဝါးကင်းမဲ့ဇုန် တည်ထောင်ရေးလုပ်ငန်းစီမံချက်အရ ခရိုင်အဆင့် ဆရာ၊ ဆရာမ ၇၀ဦးတို့အတွက် မူးယစ်ဆေးဝါးပညာပေး သင်တန်းဖွင့်လှစ်နိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက မိမိတို့ လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်ပြီးစီးမှု၊ ရှေ့ဆက်လက်အကောင်အထည်ဖော်မည့် အစီအစဉ်များကို တင်ပြဆွေးနွေးကြပြီး မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

စကားပြောနှင့် ကွန်ပျူတာသင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၂

Greatest Power နိုင်ငံခြားဘာသာစကားပြောနှင့် ကွန်ပျူတာသင်တန်းမှ ကြီးမှူး၍ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ ရုံး၊ ကုမ္ပဏီဝန်ထမ်းများ၊ ကျောင်းသူ၊ကျောင်းသားများ၊ Tour Guideများ၊ လုပ်ငန်းခွင်သို့ဝင်ရောက်မည့်သူများအတွက် ရည်ရွယ်၍ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ အီတာလျံ၊ စပိန်၊ တရုတ်၊ ဂျပန်၊ ထိုင်း၊ ကိုရီးယား၊ မလေးရှား၊ ရုရှား ဘာသာစကားပြောများနှင့် လက်တွေ့အသုံးချကွန်ပျူတာလေ့လာမှု သင်တန်းများကို ကျွမ်းကျင်သောအတွေ့အကြုံရင့် ဆရာ၊ ဆရာမများစုစည်းမှုဖြင့် လစဉ်တန်းခွဲသစ်များ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိရာ သင်တန်းတက်ရောက်လိုသူများနှင့် စိတ်ဝင်စားသူများ Center-1 အမှတ်–၅ ပ–ထပ် ဇေယျာသီရိလမ်း (အာရှနေဘဏ်ဘေးလမ်း) လှည်းတန်း ကမာရွတ် ဖုန်း–၅၃၇၂၃၁ နှင့် Center-2 အမှတ်၁၁၇ တ–ထပ် ဆိပ်ကမ်းသာလမ်း ကျောက်တံတား ရန်ကုန် ဖုန်း–၃၇၀၂၀၈တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က–ပ)

ကွန်ပျူတာဂီတနှင့် ဂရပ်ဖစ်ဒီဇိုင်းသင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၂

ကွန်ပျူတာဖြင့် ဂီတသံစဉ်များ ဖန်တီးခြင်း၊ တူရိယာများချိတ်ဆက်ခြင်း၊ အသံဖမ်းခြင်း၊ အသံများကိုပြုပြင်ခြင်း၊ အသံများကိုစီခြင်း၊ (Sequence) အသံများကိုပေါင်းခြင်း၊ Effect များ ထည့်သွင်းခြင်းစသည့် အသံပိုင်းဆိုင်ရာ ကွန်ပျူတာဂီတသင်တန်းကို ယခု ဩဂုတ်လတွင် ဒုတိယပတ်ဖွင့်လှစ်မည် ဖြစ်သည်။ သင်တန်းကာလမှာ ကာလတို ဘာသာရပ်ခုနစ်ခုပါဝင်ပြီး နှစ်လခွဲကြာမြင့်သည်။ သင်တန်းပြီးဆုံးလျှင် အသံနှင့်ပတ်သက်သည့် လုပ်ငန်းများတွင် အလုပ်ဝင်ရောက်လုပ်ကိုင်နိုင်မည်ဖြစ်သည့်အပြင် မိမိတစ်ဦးတည်းနှင့် တေးစီးရီးခွေများကို ဖန်တီးနိုင်မည် ဖြစ်သည်။

ထို့အပြင် ဂရပ်ဖစ်ဒီဇိုင်းသင်တန်းကိုလည်း ဖွင့်လှစ်မည်ဖြစ်ပြီး ၎င်းတွင် ရုပ်သေဒီဇိုင်းများ ဖန်တီးခြင်းနှင့် တီဗွီကြော်ငြာများပြုလုပ်ခြင်း၊ အထူးပြုလုပ်ချက် ပါဝင်သော ရုပ်အရှင် ဒီဇိုင်းများ ဖန်တီးခြင်း၊ ဗီဒီယိုတည်ဖြတ်ခြင်း၊ ကာရာအိုကေစာတန်းထိုးခြင်းများပါဝင်သည်။ ထို့အပြင် မိမိပြုလုပ်ထားသော ဒီဇိုင်းဖြင့် အင်္ကျီ Sticker ပြုလုပ်နည်းကိုလည်း ထည့်သွင်းသင်ကြားပေးမည် ဖြစ်သည်။ လူဦးရေ ကန့်သတ်ထားသောကြောင့် စိတ်ပါဝင်စားသူများသည် သင်တန်းဖွင့်မည့် ဩဂုတ် ၁၈ ရက် မတိုင်မီ Youth Computer Centre I အမှတ်(၃၀၇) ဒုတိယထပ် ကျိုက္ကဆံလမ်း တာမွေယာယီဈေးသစ်အနီး တာမွေ ဖုန်း–၇၁၀၄၅၃၊ ၀၉–၅၀၀၃၅၉ဖြင့်နှင့် Youth Computer Center II အမှတ်(၁၀၃) ဒုတိယထပ် (၄၃)လမ်းအလယ် ဗိုလ်တထောင် ဖုန်း–၂၀၀၀၄၄တို့သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။

(က–ပ)

✧ မြန်မာ့ရိုးရာမှ

ပြပွဲနှင့်အတူပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာကြသော ပြည်သူများအား မြန်မာ့ရိုးရာတူရိယာပစ္စည်းများ၏ ကြည်သာချိုမြသော ဂီတသံစဉ်ကို နားသောတဆင်နိုင်ရန်အတွက် မြန်မာ့ရိုးရာ တူရိယာပစ္စည်းများ လက်တွေ့တီးခတ်သရုပ်ပြသမှုကိုလည်းထည့်သွင်းကျင်းပရာ နံနက်ပိုင်းတွင် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) (ဂီတဌာန)မှ ဆရာ၊ ဆရာမများက မြန်မာ့ဆိုင်းဝိုင်းကြီး၊ပတ္တလားနှင့် စောင်းသရုပ်ပြတီးခတ်ခြင်းကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန(ထုတ်လုပ်ဌာနခွဲ)မှအနုပညာရှင်များက မိုးဇာဖြောအကနှင့် ပလွေသံသာတို့ တောရှာအစီအစဉ်တို့ဖြင့်လည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက်ကြရာ ပြပွဲလာပြည်သူများ စိတ်ဝင်စားစွာ ကြည့်ရှုအားပေးကြသည်။

သရုပ်ပြတီးမှုတ်

ဩဂုတ် ၁၃ရက် နံနက်ပိုင်းတွင် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)(ဂီတဌာန)မှ ဆရာ၊ ဆရာမများက မြန်မာ့ရိုးရာတူရိယာပစ္စည်းများကို လက်တွေ့သရုပ်ပြတီးမှုတ်ခြင်း၊ မွန်းလွဲပိုင်းတွင် အနုပညာဦးစီးဌာန (ထုတ်လုပ်ဌာနခွဲ)မှ အနုပညာရှင်များက အိုးစည်လက်စွမ်းပြ တီးခတ်ခြင်းနှင့် ပဥ္စသိင်္ခတေးသရုပ်ဖော် အစီအစဉ်တို့ဖြင့် လက်တွေ့သရုပ်ပြတီးမှုတ်ပြသမည်ဖြစ်သည်။

အဆိုပါ ပြပွဲသို့ နိုင်ငံခြားသားများ၊ ကျောင်းသား၊ ကျောင်းသူများအပါအဝင် ရဟန်းရှင်လူပြည်သူ ၇၅၀ကျော် လာရောက်ကြည့်ရှုလေ့လာကြပြီး ပြပွဲကို ဩဂုတ် ၂၂ရက်အထိ ဖွင့်လှစ်ပြသထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်သည်။

(သတင်းစဉ်)

သာသနဝေပုလ္လကာရီ မဟာသိမ်တော်ကြီး ရတနာအုတ်မြစ်တော်စီ မင်္ဂလာကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

တာမွေမြို့နယ် ကျောက်မြောင်း အောင်မင်္ဂလာလမ်းရှိ မင်္ဂလာသုခ ပါဠိတက္ကသိုလ်ကျောင်းတိုက်အတွင်း တည်ဆောက်မည့် သာသနဝေပုလ္လကာရီ မဟာသိမ်တော်ကြီး အုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်က အထက်ပါကျောင်းတိုက်၌ ကျင်းပ သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ကြွရောက်လာကြသော ပရိသတ်များက မင်္ဂလာသုခကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် ဝေရဝါသီကျောင်း ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်ပြီး ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြပြီး သိမ်ကျောင်းအလှူရှင် ဦးခင်မောင်ကျော်–ဒေါ်အေးအေးမိသားစုက သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး မင်္ဂလာအချိန်တွင် သိမ်ကျောင်းဆောက်လုပ်မည့်မြေနေရာ၌ ဆရာတော်ကြီးများဦးစီး၍ အလှူရှင်မိသားစုက ပန္နက်တော်တင် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ကျင်းပကြသည်။

(အပေါ်ယာပုံ) ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းလိုက်သည်။

(က–ပ)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် အထူးအစည်းအဝေးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၁၂

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့်ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့၌ ဩဂုတ် ၇ ရက်မှ ၁၀ရက်အထိ ကျင်းပခဲ့သည့် အာဆီယံ+၃ ခရီးသွားလုပ်ငန်း ဝန်ကြီးများအထူးအစည်းအဝေးသို့တက်ရောက်ခဲ့ပြီး ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်အား သမဝါယမ ဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးတင်ငွေ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးသန်းရွှေ၊ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့်ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနများအောက်ရှိ ဌာနများမှ ဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံရုံးတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ဓာတ်ပုံ မှတ်တမ်း

ငွေးအောင်(ကြေးမုံ)
ရေချမ်းမြင့်နှင့် စက်မှု(၂)

ရေနံဓာတ်ငွေ့ရည် အိုးခွံအလုပ်ရုံ

ရန်ကုန်တိုင်း ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ တည်ဆောက်သည့် ရေနံဓာတ်ငွေ့ရည်အိုးခွံအလုပ်ရုံမှ မီးဖိုဆောင်သုံး (၁၂)ကေဂျီနှင့် (၁၆) ကေဂျီ ရေနံဓာတ်ငွေ့ရည်အိုးခွံများကို တစ်နှစ်လျှင် အလုံး ၅၀၀၀၀ ထုတ်လုပ်ပေးလျက်ရှိပေသည်။

(ဝဲပုံနှင့် အောက်ပုံ) ဓာတ်ပုံမှတ်တမ်း–(စက်မှု–၂)

စက်မှုစွမ်းအား
ခေတ်ကျော်လွှား
တည်ဆောက်မြှင့်တင်
မြန်ပြည်တစ်ခွင်



စပါးခွံလောင်စာ ဓာတ်ငွေ့သုံးအင်ဂျင်စက်ရုံ

ဧရာဝတီတိုင်း ဧရာစွမ်းအား စပါးခွံလောင်စာ ဓာတ်ငွေ့သုံး အင်ဂျင်ထုတ်လုပ်ရေး စက်ရုံတွင် စပါးခွံဓာတ်ငွေ့ ထုတ်လုပ်ရာ၌ မီးဖိုပိုင်း၊ အင်ဂျင်ပိုင်းနှင့် ဒိုင်နမိုပိုင်းဟူ၍ အပိုင်းသုံးပိုင်း တည်ဆောက်ထားသည်။ မီးဖိုပိုင်းတွင် ပင်မမီးဖိုကြီးနှင့် တာဝါ နှစ်ခု၊ ဓာတ်ငွေ့စစ်ပိုက် နှစ်ခုတို့ဖြင့် ဖွဲ့စည်းထားသည်။ မီးဖိုကြီး အတွင်း စပါးခွံများထည့်၍ မီးရှို့ခြင်းမှရရှိလာသည့် စပါးခွံဓာတ်ငွေ့ များ ဖြတ်သန်းသော တာဝါ နံပါတ် (၁)နှင့် တာဝါနံပါတ် (၂)၊ စပါးခွံဓာတ်ငွေ့စစ်ပိုက်တို့ကို ဇူလိုင် ၁၈ ရက်က စက်ရုံတွင် ဤသို့ တွေ့ခဲ့ရသည်။ (ယာပုံ) *[ဓာတ်ပုံမှတ်တမ်း–ငွေးအောင်(ကြေးမုံ)]*

ဒီဇယ်စက်ခေါင်းကြီးပြုပြင်

မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ (အင်းစိန်)သည် မူလရည်မှန်းချက်၊ ထပ်တိုးရည်မှန်းချက်များဖြင့် မြန်မာ့မီးရထား အကျိုးသယ်ပိုးလျက်ရှိသည်။ (ဝဲပုံတွင် မူလရည်မှန်းချက် တာဝန်ဖြစ်သည့် မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းကြီးများကို အကြီးစားနှင့် အလတ်စား ပြုပြင်ခြင်းလုပ်ငန်းကို စက်ရုံအတွင်း အင်ဂျင်နီယာများ၊ လုပ်သားများက ဆောင်ရွက်နေကြသည်ကို ဤသို့တွေ့ရသည်။)

(ဓာတ်ပုံမှတ်တမ်း–ရေချမ်းမြင့်)



သနပ်ပင်မြို့နယ်ရှိ တာဝရေထိန်းတံခါးသည် ပဲခူးမြစ်အတွင်းသို့ ပဲခူး–စစ်တောင်း တူးမြောင်းမှ တစ်ဆင့် မိုးရာသီတွင် စီးဝင်ရောက်လာသော ရေပိုရေလျှံများကို တာဝရေထိန်းတံခါးမှ တစ်ဆင့် ပဲခူးမြစ် ရေကျချိန်တွင် ပဲခူးမြစ်တွင်းသို့ ရေထုတ်ရေနုတ်ပေးနိုင်ရန် ရည်ရွယ်တည်ဆောက်ထားသည်။ [ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)]

ပဲခူးကွင်း လယ်မြေများ ရေကြီးမှုကို ကာကွယ် ရေချိုကို ထိန်းသိမ်းပေးသည့် တာဝရေထိန်းတံခါး

သတင်းဆောင်းပါး–ကျော်စိန်
ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၁၂

ပဲခူးတိုင်း သနပ်ပင်မြို့နယ်အတွင်း ပဲခူး–စစ်တောင်းတူးမြောင်းနှင့် ပဲခူးမြစ်တို့ဆုံရာ၌ တာဝရေထိန်းတံခါးကို တည်ဆောက်ထားသည်။

ရည်ရွယ်တည်ဆောက်

တာဝရေထိန်းတံခါးတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်မှာ ပဲခူးမြစ်အတွင်းသို့ ပဲခူး–စစ်တောင်းတူးမြောင်းမှတစ်ဆင့် မိုးရာသီတွင် စီးဆင်းဝင်ရောက်လာသော ရေပိုရေလျှံများကို တာဝရေထိန်းတံခါးမှတစ်ဆင့် ပဲခူးမြစ်ရေကျချိန်တိုင်းတွင် ပဲခူးမြစ်ထဲသို့ ရေထုတ်၊ ရေနုတ်ပေးနိုင်ရန်နှင့် ပဲခူးမြစ်ရေတက်ချိန်တိုင်းတွင် ကွင်းအတွင်းသို့ အပြင်မြစ်ရေ မဝင်ရောက်စေရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပေသည်။

အကျိုးပြုဧက

တာဝရေထိန်းတံခါးသည် ၆ပေ x ၁၂ပေအရွယ် ရေထိန်းတံခါး ၃၃ပေါက်ရှိပြီး လယ်မြေဧက ၃၂၀၀၀ကို အကျိုးပြုလျက်ရှိသည်။

ပဲခူး–စစ်တောင်းတူးမြောင်း၏ ဝဲ–ယာဘက်ရှိ ဆက်စပ်ကွင်းများတွင် နှစ်စဉ်ရေကြီး ရေမြုပ်မှုများနှင့် ကြုံတွေ့ရလေ့ရှိသဖြင့် ပဲခူး–စစ်တောင်းတူးမြောင်း၏ အဆုံး အောက်ပိုင်း မူလရေထုတ်နုတ်ရာ တာဝ ရေဝင်၊ထွက်တံခါးအနီးတွင် အဓိကရေထုတ် တံခါးကြီးတစ်ခုကို ဖြည့်စွက်တည်ဆောက် ထားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နွေရာသီတွင် ပဲခူးမြစ်မှတစ်ဆင့်တက်လာသော ပင်လယ်ဒီရေနှင့် အတူပါလာသည့် ရေငန်နှင့် နုန်းများကို အတွင်းသို့မဝင်ရောက်စေရန် ရေတံခါးဖြင့် ကာကွယ်တားဆီးထားမည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် နွေရာသီ၌ သီးနှံစိုက်ပျိုးရေနှင့် သောက်သုံးရေ ရရှိရေးတို့အတွက် ရေချိုကို ထိန်းသိမ်းထားရှိမည်ဖြစ်သည်။ ။ **(ကြေးမုံ)**

ပဲခူးတိုင်း သနပ်ပင်မြို့နယ်အတွင်း ပဲခူး–စစ်တောင်းတူးမြောင်းနှင့် ပဲခူးမြစ်တို့ဆုံရာ၌ တည်ဆောက်ထားသော တာဝရေထိန်းတံခါးသည် နှစ်စဉ် ရေကြီးရေမြုပ်မှုများနှင့် ကြုံတွေ့နေရခြင်းကို ကာကွယ်နိုင်ရန် တည်ဆောက်ထားသည်။ [ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)]

ဆုချီးမြှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အားကစားရေးရာကော်မတီက ကြီးမှူး၍ ကုန်သည်/စက်မှု အသင်းချုပ် ပထမအကြိမ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဩဂုတ် ၉ ရက်က ပန်းလှိုင်ဂေါက်ကွင်း၌ ပြုလုပ်ရာ ကုန်သည်/ စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်က ပြိုင်ပွဲဝင် အားကစားသမားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (က–ပ)

မြို့တော်သန့်ရှင်းသာယာရေး အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၁၂

မြို့တော်သန့်ရှင်းသာယာရေး အသိပညာပေးဟောပြောပွဲကို ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၃)တွင် ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁နာရီက ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်အေး၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)၊ မြို့နယ်ရဲတပ်ဖွဲ့ ဒု–မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်စောဥမ္မာ၊ ယာဉ်ထိန်းရဲအမှတ်(၄) နယ်မြေမှူး ရဲအုပ်ကွန်းစိုး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန တောင်ပိုင်းခရိုင် ခရိုင်မှူး ဦးဝင်းမြင့်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဒေါက်တာ ဒေါ်မိမိကိုနှင့် အထက (၃)မှ ကျောင်းကျန်းမာရေးကော်မတီအတွင်းရေးမှူး ဆရာမဒေါ်သင်းသင်းချိုတို့က မြို့တော်သန့်ရှင်းသာယာရေး အသိပညာပေးဟောပြောကြသည်။ (က–ပ)

ဓမ္မဒူတအရှင်ဆေကိန္ဒ အထူးတရားပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရား ရွှေသာလျောင်းရင်ပြင်တော်မြတ်ကြီးတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပဋ္ဌိပတ္တိမဟာဌာန ကထိကဆရာတော် ဓမ္မဒူတအရှင်ဆေကိန္ဒ အရှင်သူမြတ်သည် ဩဂုတ် ၁၆ရက် ညနေ ၇နာရီမှစ၍ တရားတော်များကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မော်တော်ယာဥ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း) (၃၅)ကြိမ်မြောက် လုပ်အားယှဥ်ပြိုင်ဆုနှင့် လုပ်အားဆုချီးမြှင့်ပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

မော်တော်ယာဥ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)၏ ၂၀၀၂-၂၀၀၃ခုနှစ် (၃၅)ကြိမ်မြောက် လုပ်အားယှဥ်ပြိုင်ဆုနှင့် လုပ်အားဆုချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ မော်တော်ယာဥ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများကို ပေးအပ်ချီးမြှင့်သည်။ (ဓါတ်ပုံ)

တက်ရောက်

အခမ်းအနားသို့ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မော်တော်ယာဥ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ (အငြိမ်းစား)နှင့် ကော်မတီဝင်များ၊ ဌာနခွဲမှူးများ၊ယာဥ်ပိုင်ရှင်၊ ယာဥ်မောင်းနှင့် ယာဥ်နောက်လိုက်များ၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ယာဥ်လိုင်းများမှ ယာဥ်လိုင်းဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ယာဥ်ပိုင်ရှင်၊ ယာဥ်မောင်း၊ ယာဥ်နောက်လိုက်များနှင့် ဝန်ထမ်းများအတွက် လုပ်အားယှဥ်ပြိုင်ဆုနှင့် လုပ်အားဆုငွေများကို ဌာနခွဲကော်မတီများအလိုက် ပေးအပ်ချီးမြှင့်ရာ ဌာနခွဲ(၁)အတွက် ငွေကျပ် ၇၉၀၃၆၆၀၊ ဌာနခွဲ(၂)အတွက် ငွေကျပ်၄၇၂၁၁၁၀၊ ဌာနခွဲ(၃) အတွက် ငွေကျပ်၅၅၇၆၁၀၀၊ ဌာနခွဲ(၄)အတွက် ငွေကျပ်၄၅၄၅၇၁၀၊ ဌာနခွဲ(၅)အတွက် ငွေကျပ် ၃၀၂၅၆၀၀၊ ဌာနခွဲ(၆)အတွက် ငွေကျပ်၃၅၀၄၁၇၀၊ ဌာနခွဲ(၇)အတွက် ငွေကျပ်၅၄၈၈၂၀၀၊ ဌာနခွဲ (၈)အတွက် ငွေကျပ်၆၁၄၈၇၇၀၊ ဌာနခွဲ(၉)အတွက် ငွေကျပ်၆၅၂၄၃၀၀ နှင့် မော်တော်ယာဥ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း) ရုံးချုပ် ဝန်ထမ်းများအတွက် ငွေကျပ် ၁၂၆၃၇၃၀တို့ကို ဌာနခွဲကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် မော်တော်ယာဥ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူများက ယာဥ်ပိုင်ရှင်၊ ယာဥ်မောင်း၊ ယာဥ်နောက်လိုက်များအား လုပ်အားယှဥ်ပြိုင်ဆုများကိုလည်းကောင်း၊ ခါးပိုက်နှိုက်ဖမ်းဆီးပေးသူ ခြောက်ဦး၊ ကောက်ရပစ္စည်းရှိသားစွာ အပ်နှံသူနှစ်ဦးနှင့် လူမှုရေးအသိစိတ်ဓာတ်ရှိစွာ ကူညီသူသုံးဦးတို့အားလည်းကောင်း၊ ယာဥ်မောင်းများနှင့် ယာဥ်နောက်လိုက်များအား ယာဥ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာပညာပေးသင်တန်းပို့ချပေးသည့် ယာဥ်ထိန်းအရာရှိများအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဥ်)

ကွန်ပျူတာပရိုဂရမ်မင်း သင်တန်းများ တိုးချဲ့ဖွင့်

ရန်ကုန် ဩဂုတ် ၁၂

ကွန်ပျူတာနှင့်ပတ်သက်ပြီး အခြေခံမှစ၍ စနစ်တကျ တတ်မြောက်လိုသူများအတွက် Level အဆင့်ဆင့် သင်တန်းများ၊ လက်တွေ့လုပ်ငန်းခွင်တွင် အသုံးပြုလိုသူများအတွက် Computer Basic Courseသင်တန်းများ၊ စာစီစာရိုက်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် DTP Course သင်တန်းများ၊ Programming Course များဖြစ်သော C/C ++, Java, Microsoft Access, VB စသော သင်တန်းများကို လစဥ်တန်းခွဲများ အနေဖြင့်သော်လည်းကောင်း၊အဖွဲ့လိုက်သော်လည်းကောင်း ဦးမိုးမြင့်၊ ဦးကျော်ဇေလွင်နှင့် သင်ကြားမှု အတွေ့အကြုံရှိသော ဆရာ၊ဆရာမများမှ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တိုက်(၇)၊ အခန်း(၂၁)၊ စံပြဖဆပလ အိမ်ရာဝင်း၊ ဖုန်း-၂၅၀၃၅၂ ရှိ ပင်မ Center အပြင် စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၃၀) ဖုန်း- ၅၀၀၈၆၁ ရှိ Miracle၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၄၉)၊ ဗိုလ်ချုပ်လမ်းမ (၄၆)လမ်းနှင့် ၄၇လမ်းကြားရှိ MATRIX နှင့် ကျောက်တံတားမြို့နယ်၊ အမှတ်(၁၅၁)၊ ပထမထပ် ၃၄လမ်း၊ ဖုန်း-၂၄၁၀၉၄ ရှိ Masterတို့နှင့်ပါ ပူးပေါင်း၍ ကွန်ပျူတာသင်တန်းများ တိုးချဲ့ ဖွင့်လှစ် သင်ကြားလျက်ရှိသည်။ တန်းခွဲသစ်များကို ဩဂုတ်လတွင် ဖွင့်လှစ်ရန် စီစဥ်ထားသည်။

အသေးစိတ် စုံစမ်းသိရှိလိုပါက အထက်ပါလိပ်စာများအတိုင်းဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

ပြည်နယ်နှင့် တိုင်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဩဂုတ် ၉ရက်ညနေပိုင်းက ရန်ကုန်မြို့ သိမ်ကြီးဈေးဒီရုံရှိ (Raffles Recreation Centre) ဘိလိယက်နှင့် စနူကာခန်းမ၌ ကျင်းပသော ၂၀၀၃ခုနှစ် တတိယအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ပြိုင်ပွဲများကို ကြည့်ရှုအားပေးကာ ဆုများကို ချီးမြှင့်သည်။

ဗိုလ်လုရဲပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ Mr.Handaka,Country မန်နေဂျာ Kalbe Farmar မြန်မာကုမ္ပဏီက ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲတွင် တတိယဆုရရှိသော အောင်မြင့်(စစ်ကိုင်းတိုင်း)၊ ဒုတိယဆုရရှိသော ခင်မောင်ထွေး(ပဲခူးတိုင်း)နှင့် ပထမဆုရရှိသော ဆောင်ဆောင်စိန်(မန္တလေးတိုင်း)တို့အား တစ်ဦးချင်းဆုများနှင့် ဆုကြေးငွေများကိုလည်းကောင်း၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးမြင့်က ဘိလိယက် အသင်းလိုက်ပြိုင်ပွဲတွင် တတိယဆုရရှိသော မန္တလေးတိုင်း၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်းနှင့် ပထမဆုရရှိသော စစ်ကိုင်းတိုင်းတို့အားလည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲတွင် တစ်ကျူတည်း အမှတ်အများဆုံးရရှိသော ခင်မောင်ထွေး(၇၇)မှတ် (ပဲခူးတိုင်း)အား လည်းကောင်း ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်လိုက်သည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က စနူကာ တစ်ဦးချင်းပြိုင်ပွဲတွင် တတိယဆုရရှိသော ဝင်းသိန်းစိုး(မွန်ပြည်နယ်)၊ ဒုတိယဆုရရှိသော ခင်မောင်ဇော်(မကွေးတိုင်း)နှင့် ပထမဆုရရှိသော ဇော်သန်းထိုက် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့အား ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်လိုက်သည်။

တံခွန်စိုက်

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဘိလိယက်ပြိုင်ပွဲတွင် ပထမဆုရရှိသော စစ်ကိုင်းတိုင်းအသင်းနှင့် စနူကာပြိုင်ပွဲတွင် ပထမဆုရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း)တို့အား တံခွန်စိုက်ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

မဟာသတင်းဂျာနယ် အတွဲ(၁)၊ အမှတ်(၉၈) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၂

မဟာသတင်းဂျာနယ် အတွဲ(၁)၊ အမှတ်(၉၈)ကို မဟာအနုပညာရင်ပြင်က ဖြန့်ချိလိုက်သည်။ ယခုအပတ် မဟာသတင်းဂျာနယ်တွင် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စုလီမိတက်၏ ဒါရိုက်တာအဖွဲ့သစ်နှင့် ရေးလုပ်ငန်းစဥ်များ အပါအဝင် ပြည်တွင်း၊ ပြည်ပ အနုပညာရေးရာကိစ္စများပါဝင်သည်။ အချပ်ပိုရှစ်မျက်နှာပါရှိ၍ 3D လက်ဆောင်ပါရှိကာ တန်ဖိုးကျပ် ၂၀၀ဖြစ်သည်။ ဆက်သွယ်လိုသူများ မဟာအနုပညာရင်ပြင်၊ အမှတ်-၁၅၄၊ ဝေဇယန္တာဥယျာဥ်အိမ်ရာ၊ရိပ်သာ(၁)လမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၇၀၉၃၃ သို့ တိုက်ရိုက်ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (က-ပ)

ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၌ မြန်မာ့ကုန်စည်ပြပွဲ ကျင်းပမည်



ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းမကြီး(သာကေတတံတားဟောင်းအနီး)ရှိ ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာန၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှု၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကူညီစောင့်ရှောက်မှုများဖြင့် မြန်မာ့ကုန်စည်ပြပွဲ-၂၀၀၃ ကို ဩဂုတ် ၂၂ ရက်မှ ၂၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသရောင်းချသွားနိုင်ရန် စီစဥ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ကုန်စည်ပြပွဲ-၂၀၀၃ အား အရောင်းပြခန်းများမှ ကံစမ်းမဲများ၊ လက်ဆောင်ပစ္စည်းများ၊ ရောင်းအားမြှင့်တင်ရေးအစီအစဥ်များနှင့် ဈေးနှုန်းချိုသာစွာဖြင့် နေ့စဥ် နံနက် ၉ နာရီမှ ညနေ ၇နာရီအထိ ခင်းကျင်းပြသ ရောင်းချပေးမည်ဖြစ်ပြီး ကုန်ပစ္စည်းကြော်ငြာနှင့် သရုပ်ပြရှင်းလင်းမှု အစီအစဥ်များအား YRBB ရောင်းအားမြှင့်တင်ရေးအဖွဲ့၏ သရုပ်ဆောင်ဖျော်ဖြေမှုများဖြင့် စည်ကားစွာ ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါပြပွဲသို့ မည်သူမဆို နေ့စဥ်အခမဲ့ ဝင်ရောက်ကြည့်ရှုဝယ်ယူနိုင်မည်ဖြစ်သည်။

၎င်းကုန်စည်ပြပွဲ၌ Nestle Trading(Thai) Co,Ltd မှ Nestle, Milo, Coffee Mate နို့မှုန့်နှင့် စားသောက်ကုန်အမျိုးမျိုး၏ ခင်းကျင်းပြသမှု၊ Ranjo Co,Ltdမှ အမျိုးသမီးခန္ဓာကိုယ်အလှထိန်းသိမ်းမှု ကိရိယာနှင့်သရုပ်ပြပွဲ၊ Myint Myat Agro-chemical Enterprise Ltd မှ Good Look အဆင့်မြင့်အလှကုန်များ၊ My Way Cosmetic၊ Orifladme Cosmetic၊ Welcome General Trading Co.,Ltd မှ ပျားထွက်ပစ္စည်းများ၊ ဆေးဖက်ဝင်ပစ္စည်းများ၊ Nippon Foot Harde Ware (Thai)၊ Yangon Marine Product မှ Chilly Sauce ငါးသေတ္တာဘူးများ၊ Yather Cho Industry Ltdမှ အဆင့်မြင့် အသင့်စားသုံးနိုင်သော Yum Yum ခေါက်ဆွဲခြောက်များ၊ Xin Yuan Bakery မှ ထူးခြားလှပသော ကိတ်မုန့်ဒီဇိုင်းဆန်းများ၊ Shakဖျော်ရည်စုံ အရောင်းပြခန်းကြီးများ အပါအဝင် ဖက်ရှင်ဒီဇိုင်း၊ မျက်နှာအသားအရေနှင့် ဆံကေသာပြုပြင်ထိန်းသိမ်းရေး အသုံးအဆောင် Shampoo များ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ ကြိမ်ထွက်ပစ္စည်းများ၊ တိုင်းရင်းသားရိုးရာ အဝတ်အထည်များ၊ တိုင်းရင်းဆေးဝါးထုတ်ကုန်များ၊ မယ်လမင်းပစ္စည်းများ၊ အမျိုးသားဝတ်ဘောင်းဘီများ၊ အဆင့်မြင့် ရုပ်အင်္ကျီများ၊ မီးဖိုချောင်သုံး ပစ္စည်းနှင့် ငရုတ်သီးမှုန့်များ၊ ဆပ်ပြာခဲ၊ ဆပ်ပြာမှုန့်၊ ခေါင်းလိမ်းဆီ၊ ကျောင်းသုံးပစ္စည်းနှင့် လွယ်အိတ်အမျိုးမျိုး၊ ဂက်စ်မီးဖို၊ မီးစက်၊ Coffee Mix၊ Tea Mix လက်ဖက်ခြောက်နှင့် စားသုံးကုန်အမျိုးမျိုး၊ လူနေမှုအဆင့်အတန်းမြင့်အခန်းအလှဆင်ပစ္စည်းများ၊စားသောက်ဆိုင်များ စုံလင်စွာဖြင့် စိတ်ဝင်စားဖွယ်ရာ ခင်းကျင်းပြသ ရောင်းချသွားရန် စီစဥ်ထားရှိသည်။

အဆိုပါကုန်စည်ပြပွဲ၌ ထုတ်ကုန်၊ သွင်းကုန်နှင့်ဖြန့်ချိရေးလုပ်ငန်းရှင်များ၊ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၊ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများနှင့် ရောင်းဝယ်ဖောက်ကားလိုသူများ ပါဝင်ပြသ ရောင်းချနိုင်ကြမည်ဖြစ်ပြီး ဆက်သွယ်လိုပါက Nay La Exhibition Servicesဖုန်း-၀၁-၂၀၀၁၄၆ မှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (က-ပ)





ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေးအသင်း နှုတ်ခမ်းကွဲ၊အာခေါင်ကွဲ လူနာများအား ငွေလှူပွဲကျင်းပ

တောင်ကြီး ဩဂုတ် ၇

ရှမ်းပြည်နယ် (တောင်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီမှ ကြီးမှူး၍ တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးတွင် တက်ရောက်ခွဲစိတ်ကုသမှုခံယူနေကြသော နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၅ ရက် မွန်းလွဲ ၂ နာရီက ဆေးရုံအရေးပေါ် လူနာဆောင်ခန်းမတွင် ကျင်းပသည်။

— တက်ရောက် —

အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ဝင်းဝင်းနုနှင့် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊တောင်ကြီးမြို့ပေါ်မှ ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကလုပ်ငန်းများမှ အလှူရှင်များ တက်ရောက် ကြသည်။

အခမ်းအနားတွင် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး အလှူရှင် များက အလှူငွေကျပ် ၃၁၅၂၀၀ကို ပေးအပ်လှူဒါန်းကြရာ ရှမ်းပြည်နယ်(တောင်ပိုင်း)မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယက ဒေါ်ဝင်းဝင်းနု**(အပေါ်ယာပုံ)** နှင့် တာဝန်ရှိသူများက လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုလွှာများပြန်လည်ပေးအပ်သည်။

— ကြည့်ရှုအားပေး —

ဆက်လက်၍ တိုင်းမှူးနှင့် အလှူရှင်များသည် အထူးခွဲစိတ်ကုသဆောင်သို့သွားရောက်၍ ခွဲစိတ်ပြီး လူနာများအား ကြည့်ရှုအားပေးပြီး အလှူငွေများပေးအပ်ကြသည်။ **(၃၀၅)**

ဘုန်းတော်ကြီးသင် မူလတန်းကျောင်းဖွင့်

ကျောက်ပန်းတောင်း ဩဂုတ် ၂

မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် လေးပင်ကျေးရွာအုပ်စု ဂုဏ်တောကျေးရွာ ဘုန်းတော်ကြီးသင် အခြေခံပညာမူလတန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁ ရက်နံနက်က ဂုဏ်တောကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပရာ ရေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တခေမိန္ဒ (ခေမာသိဝံစာသင်တိုက်)က ဘုန်းတော်ကြီးသင် မူလတန်းကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ကြီးကြပ်မှု ဥက္ကဋ္ဌ ဘဒ္ဒန္တကုမာရ(ကွဲကန် ကျေးရွာအုပ်စုဆရာတော်)က ကျောင်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းမိန့်ကြားတော်မူပြီး မြို့နယ် ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် မြို့နယ်ပညာ ရေးမှူး ဦးတင်လှတို့က အမှာစကား ပြောကြားကြသည်။

အဆိုပါ အခမ်းအနားတွင် အလှူရှင် ၂၃ဦးက စုပေါင်းလှူဒါန်းကြသော အလှူငွေကျပ် ၁၂၅၆၀၀ကို မြို့နယ် ဥက္ကဋ္ဌက လက်ခံရယူသည်။ **(၁၉၂)**

ငါးမျိုးပြန့်ပွားရေးနှင့် အထွက်နှုန်းတိုးရေး ဧရာဝတီမြစ်အတွင်း ငါးမျိုးစုံစိုက်ထည့်

ဟင်္သာတ ဩဂုတ် ၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြစ်ချောင်းအင်းအိုင်များတွင် ငါးမျိုးပြန့်ပွားအထွက်နှုန်းတိုးစေရန် ငါးမျိုးစိုက်ထည့်လျက်ရှိရာ ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးမြတ်သာထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးများ၊ ဟင်္သာတငါးလုပ်ငန်းစခန်းမှ တာဝန်ရှိသူများသည် ဩဂုတ် ၆ရက်က ဧရာဝတီမြစ်အတွင်း ဟင်္သာတ ငါးလုပ်ငန်းစခန်းမှ ငါးမျိုးစုံ ၃၅သိန်းနှင့် အင်းတောင်သူ ဦးစံဝင်းက ငါးမျိုးစုံ ငါးသိန်း စုစုပေါင်း ငါးကောင်ရေ သိန်း ၄၀ စိုက်ထည့်ကြသည်။

ပါဝင်ဆောင်ရွက်

အဆိုပါ ငါးမျိုးစိုက်ထည့်ရာသို့ ဟင်္သာတခရိုင်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်ပြုံး၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးအေးသန်းနှင့် ကောင်စီဝင်များ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ ခရိုင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ရီရီမြင့်နှင့် ခရိုင်/မြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ နယ်မြေခံတပ်ရင်း၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့နှင့် အင်းတောင်သူငါးကန်ပိုင်ရှင်များနှင့် ပြည်သူများ ပါဝင်ဆောင်ရွက်ကြသည်။

(ဝဲပုံ) (က–ပ)

မြို့နယ်သတင်းများ

ငါးမျိုးမပြုန်းတီးရေး ငါးအရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေး

ပန်းတနော် ဩဂုတ် ၅

မအူပင်ခရိုင် ဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် ငါးမျိုးမပြုန်းတီးစေရေး စီမံချက်အရ ပန်းတနော်မြို့နယ် ဥက္ကဋ္ဌ ဦးမျိုးဟန်၊ ငါးလုပ်ငန်းဦးစီးအရာရှိ ဦးအေးလွင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သန်းလွင်နှင့် ဈေးကော်မတီဝင်များသည် ပန်းတနော်မြို့မဈေးအတွင်းရှိ ငါးအရောင်းဆိုင်များကို ဩဂုတ် ၁ ရက် နံနက်က ကွင်းဆင်း ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

(အောက်ပုံ) (၁၆၆)

ပျော်ဘွယ်မြို့နယ် မိခင်နှင့်ကလေး အသင်းခွဲများသို့ ဆေးဝါးများ ပေးအပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

ပျော်ဘွယ် ဩဂုတ် ၂

ပျော်ဘွယ်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းမှ ကျေးရွာမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲ များသို့ ဆေးဝါးများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၈ရက် နံနက် ၁၀ နာရီက လျှော်ဖြူကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနာယက ဒေါ်ကျင်မြက ဆေးဝါးများ လှူဒါန်းရခြင်း နှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး မိခင်နှင့်ကလေး ကျန်းမာရေး ဆရာမ ဒေါ်ခင်ဝင်းက ဆေးဝါးသုံးစွဲမှုနှင့် မျိုးဆက်ခြားခြင်းအကြောင်းကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ကျန်းမာရေးဆရာမ ဒေါ်ကျင်စိန်က မိခင်နို့ စနစ်တကျ တိုက်ကျွေးရေးအကြောင်းကို ရှင်းလင်း ဟောပြောသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း နာယက ဒေါ်ကျင်မြက မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ထောက်ပံ့သော ဆေးဝါး များကို ကျေးရွာအသင်းခွဲ ဥက္ကဋ္ဌသို့ ပေးအပ်လှူဒါန်းသည်။

(မြို့နယ်ပြန်/ဆက်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်း

ညောင်တုန်း ဩဂုတ် ၅

စာကြည့်တိုက်ပညာ လက်တွေ့ဆင့်ပွားသင်တန်းဆင်းပွဲကို ညောင်တုန်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမတွင် ဇူလိုင် ၁၇ ရက်က ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေထွန်းနှင့် မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွေးတို့က သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

စာကြည့်တိုက်ပညာ လက်တွေ့ဆင့်ပွားသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး တက်ရောက်ခဲ့ကြသည်။ **(၁၆၁)**

ပေးအပ်

နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇူလိုင် ၂၅ ရက်က ရေတာရှည်မြို့နယ် ရွှေကြက်ယက် အလက ကျောင်းခန်းမ၌ ပြုလုပ်ရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးကိုကိုကြီးက ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်အက်စတာသို့ ပေးအပ်စဉ်။

(မြို့နယ်လဝက)

ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပ

ကလေးဝ ဩဂုတ် ၁

စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် ကျန်းမာရေးပညာပေးဟောပြောပွဲကို ဇူလိုင် ၂၆ ရက် နံနက်က ကလေးဝ အထကကျောင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ကလေးဝ မြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ကျော်မြင့်က သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် ငှက်ဖျားရောဂါအကြောင်းများကို ပညာပေး ဟောပြောသည်။

(မြို့နယ်ပြန်/ဆက်)

တစ်ခဲနက် အားပေး ချီးမြှောက်မှုများကြောင့် အောင်မြင်လင်းလက်လာသည့်

မြန်မာ့ဘောလုံးလောက

သတင်းဆောင်းပါး – မောင်မောင်ထွေး
ဓာတ်ပုံ – ညိုမောင် (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၂

အားကစားနည်းတစ်နည်း၊ အားကစားအဖွဲ့ချုပ်တစ်ခု၊ အားကစားလောကကြီးတစ်ခုလုံး အောင်မြင်မှုရရှိနိုင်ရေးသည် အဘက်ဘက်က တစ်ခဲနက်အားပေးပံ့ပိုးချီးမြှောက်မှုများနှင့် ကြောင်းကျိုးဆက်စပ်လျက်ရှိပေသည်။

မြန်မာတို့သည် အသိပညာ၊ အတတ်ပညာကဏ္ဍများစွာတွင် ပင်ကိုဗီဇကတည်းက ဉာဏ်မီးတောက်ကြသူများပီပီ နယ်ပယ်ကဏ္ဍအသီးသီးတွင် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ကြသူများ ဖြစ်ကြပေသည်။

မြန်မာ့အားကစား နယ်ပယ်ကဏ္ဍတစ်ခုတည်းကို လေ့လာကြည့်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် တစ်ချိန်သောကာလက အရှေ့တောင်အာရှမှသည် အာရှတစ်လွှားအထိ အောင်မြင်လွှမ်းမိုးပြီး အောင်နိုင်မှုသရဖူ ဆောင်ထားနိုင်ခဲ့သည်သာမက ကမ္ဘာ့အဆင့်အထိ တက်လှမ်းအောင်ပန်း ဆွတ်ခူးနိုင်ခဲ့သည့် အားကစားသမား အကျော်အမော်များ ပေါ်ထွန်းလာခဲ့သည်ကို မြန်မာလူမျိုးတိုင်း မေ့နိုင်ဖွယ်ရာမရှိသော အမျိုးသားရေးဂုဏ်ဒြပ်တစ်ရပ်အဖြစ် တွေ့ရှိရမည်ဖြစ်ပေသည်။

သို့သော် အကြောင်းအမျိုးမျိုးကြောင့် မြန်မာ့အားကစား အဆင့်အတန်းသည် အားကစားလောကခံအရ မှေးမှိန်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။ အထူးသဖြင့် မြန်မာလူမျိုးတို့၏ အမျိုးသားအားကစားနည်း တစ်ရပ်အဖြစ်ခံယူပြီး တစိုက်မတ်မတ်အားပေးနေသည့် မြန်မာ့ဘောလုံးအားကစားဆိုလျှင် အရှုံးသံသရာအတွင်းမှာပင် တဝဲဝဲလည်နေခဲ့ရသည်။ မြန်မာ့ဘောလုံး၏အရှုံးကြောင့် မြန်မာပြည်သူတို့ မပြုံးနိုင်ခဲ့ကြသည်မှာ ကာလအတန်ကြာခဲ့ပေသည်။

ယခုမျက်မှောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် နိုင်ငံတော်ကြီးကို နိုင်ငံရေးဦးတည်ချက်လေးရပ်၊ စီးပွားရေး ဦးတည်ချက် လေးရပ်၊ လူမှုရေးဦးတည်ချက် လေးရပ် ဦးတည်ချက်၁၂ရပ် ချမှတ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ပေါက်လာရေးအတွက် တည်ဆောက်ဆောင်ရွက်လျက်ရှိရာ မြန်မာ့အားကစားလောကကြီးတစ်ခုလုံး အထိုက်အလျောက် ပြန်လည်တိုးတက်အောင်မြင်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပေသည်။

အထူးသဖြင့်မြန်မာ့ဘောလုံးအားကစားပင်။ နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများတွင် မြန်မာဘောလုံးအသင်း အောင်ပန်းဆွတ်ခူးနိုင်စေရန် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးက နှစ်ပေါင်းများစွာ မျှော်လင့်တကြီးဖြင့်စောင့်စားခဲ့ကြရာမှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရခေတ်တွင် မြန်မာဘောလုံးအသင်းများ နိုင်ငံတကာပြိုင်ပွဲများတွင် ပြန်လည်၍ အောင်ပန်းဆွတ်ခူးနိုင်ခဲ့ကြပေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အားပေးချီးမြှောက်မှု၊ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ ဦးဆောင်လမ်းညွှန်မှု၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၏ ကြိုးပမ်းအားထုတ်မှု၊ နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုကြောင့် အမျိုးသားစီးပွားရေး ဘဝတွင် အောင်မြင်ဖြစ်ထွန်းလာခဲ့သည့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ ပံ့ပိုးကူညီမှု၊ မြန်မာပြည်သူတို့၏ တစ်ခဲနက်အားပေးမှုများကြောင့် ဘောလုံးအားကစားအပါအဝင် မြန်မာ့အားကစားသည် ပြန်လည်၍တိုးတက်အောင်မြင်ခဲ့ခြင်းဖြစ်ပေသည်။

အထူးသဖြင့် နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုကြောင့် အောင်မြင်ဖြစ်ထွန်းလာခဲ့သည့် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၏ နိုင်ငံတော်အပေါ် ကျေးဇူးတုံ့ပြန်သောအားဖြင့် နိုင်ငံတော်အစိုးရ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာသာသနာရေး ဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် မြန်မာ့အားကစားမြှင့်တင်ရေးတွင်ပါ အားတက်သရော ပူးပေါင်းပါဝင်ပံ့ပိုး ဆောင်ရွက်မှုများကလည်း သမိုင်းစာမျက်နှာတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်လျက်ရှိပေသည်။

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ပထမအကြိမ်အာဆီယံ အသက် (၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အောင်ပွဲရ နိုင်ငံ့ဂုဏ်ဆောင် မြန်မာလူငယ်ဘောလုံးအသင်းအား ဂုဏ်ပြုပွဲ အခမ်းအနားတွင်ပြီးခဲ့သော ဘောလုံးပြိုင်ပွဲ မြန်မာပွဲစဉ်များ တစ်လျှောက်တွင် အောင်နိုင်မှုအသီးသီးအတွက် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များက ချီးမြှင့်ခဲ့သည့် ဂုဏ်ပြုငွေပေါင်းသည် ကျပ်သိန်း ၉၀၁ သိန်းရှိပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အထူးဆုအနေဖြင့် အမေရိကန်ဒေါ်လာ ၃၁၅၀၀ ကို ဂုဏ်ပြုချီးမြှင့်ခဲ့ခြင်းကို အားရကျေနပ်ဖွယ် တွေ့ကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကမ္ဘောဇဘဏ်လီမိတက်၏ မြန်မာ့ဘောလုံးအားကစားတိုးတက်မြင့်မားရေးအတွက် တစိုက်မတ်မတ်အားပေး ချီးမြှောက်မှုများသည် မြန်မာ့ဘောလုံးအားကစားတိုးတက်မြင့်မားရေး ကြိုးပမ်းစွမ်းဆောင်မှုများတွင် အထင်ကရ အခန်းကဏ္ဍက ပါဝင်နေပါသည်ဟု ဂုဏ်ပြုပြောကြားလိုကြောင်း။

ကမ္ဘောဇဘဏ်လီမိတက်သည် ၂၀၀၀ ပြည့်နှစ်ကစတင်ပြီး မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၊ မြန်မာလူငယ် လက်ရွေးစင် ဘောလုံးအသင်း၊ မြန်မာအမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းစသည့် နိုင်ငံတော်ကို ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်မည့် လက်ရွေးစင်ဘောလုံးအသင်းများအားလုံးအတွက် စခန်းသွင်းလေ့ကျင့်စရိတ်၊ စားသောက်ကုန်ကျစရိတ်၊ နည်းပြများအပါအဝင် အားကစားသမားများ တစ်ဦးချင်းအလိုက် လစဉ်ထောက်ပံ့ကြေးစသောစရိတ်စကများကို တောက်လျှောက်ကျခံချီးမြှင့်ပေးလျက်ရှိကြောင်း၊ ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့် မြန်မာ့ဘောလုံးအားကစားမြှင့်တင်ရေးအတွက် လှူဒါန်းငွေစုစုပေါင်းသည် ၂၀၀၀ ပြည့်နှစ်ကနေ ယနေ့အထိဆိုလျှင် ကျပ်သိန်းပေါင်း ၆၇၂၉ သိန်းကျော်၊ အမေရိကန်ဒေါ်လာ ၇၂၄၀၀ ကျော်နှင့် ထိုင်းဘတ်ငွေ ၅၅၀၀၀၀ ရှိခဲ့ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ ပံ့ပိုးချီးမြှင့်သည့်အတွက် နိုင်ငံတော်၏ ကိုယ်စားသော်လည်းကောင်း၊ အားကစားသမားများ၏ ကိုယ်စားသော်လည်းကောင်း ကျေးဇူးတင်ရှိအပ်ပါကြောင်းဖြင့် ပြောကြားခဲ့ပေသည်။

သတင်းသမားတစ်ဦးဖြစ်သည့် မိမိအနေဖြင့်လည်း ကမ္ဘောဇဘဏ်လီမိတက်၏ မြန်မာ့ဘောလုံး အားကစားတိုးတက်မြင့်မားရေးအတွက် တစိုက်မတ်မတ်အားပေး ချီးမြှောက်မှုများကို လေ့လာတွေ့ရှိခဲ့ရပေသည်။ ထို့ပြင် ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၏ မြန်မာ့ဘောလုံး အားကစားအပေါ်တွင်ထားရှိသည့် စေတနာ၊ သဒ္ဓါတရားတို့နှင့် စပ်လျဉ်း၍လည်း ၂၀၀၁ ခုနှစ် နိုဝင်ဘာလတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ကမ္ဘောဇဖိတ်ခေါ် ဘောလုံးပြိုင်ပွဲသို့ သတင်းတာဝန်ဖြင့် သွားရောက်ခဲ့စဉ်က ကြားသိခဲ့ရသည်။

ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက "မြန်မာဘောလုံးအသင်းများ အိမ်နီးချင်း အရှေ့တောင်အာရှအသင်းများနှင့် တွေ့လျှင်ရှုံးသည်ကိုမမြင်လို၊ မတွေ့လိုကြောင်း၊ ရှုံးလျှင်မခံချင်ကြောင်း၊ နိုင်ချင်သည့်စိတ်ရှိကြောင်း၊ ထို့ကြောင့် မြန်မာ့ဘောလုံး အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ဖြူစင်သောစေတနာဖြင့် တတ်နိုင်သလောက်ကူညီပံ့ပိုးနေခြင်းဖြစ်ကြောင်း" ဖြင့် ပြောကြားခဲ့သည်ကို မိမိကြားသိခဲ့ရပေသည်။

ယခုပြီးခဲ့သည့် ပထမအကြိမ် အသက် (၁၈)နှစ်အောက် အာဆီယံ လူငယ်ဘောလုံးပြိုင်ပွဲတွင်လည်း မြန်မာလူငယ်ဘောလုံးအသင်းကို ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းသည် ပွဲစ ပွဲဆုံး ကိုယ်တိုင်ကိုယ်ကျ အားပေးခဲ့သည်ကို မိမိတို့ တွေ့မြင်ခဲ့ရသည်။

မြန်မာလူငယ် ဘောလုံးအသင်း အောင်ပန်းဆွတ်ခူးအပြီးတွင် ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၏ ခံစားမှုများကို မိမိအပြေးအလွှားမေးမြန်းကြည့်ရာ ဦးအောင်ကိုဝင်းက "မြန်မာဘောလုံးအသင်းများ နိုင်ငံတကာဘောလုံးပြိုင်ပွဲများတွင် အောင်ပန်းဆွတ်ခူးနိုင်ခဲ့၍ နိုင်ငံတော်အတွက် ဂုဏ်ယူမိသလို မိမိအနေဖြင့်လည်း ပီတိဖြစ်မိကြောင်း၊ ယခင်မြန်မာဘောလုံးအသင်းများ ရှုံးခဲ့ရသည့်အချိန်တွင် အားကစားသမားများနှင့် ပြည်သူများ အားငယ်ဝမ်းနည်းခဲ့ရကြောင်း၊ ထို့အတူ မိမိအနေဖြင့်လည်း စိတ်မကောင်းဖြစ်ရကြောင်း၊ မြန်မာဘောလုံးအသင်းများ ယခု အောင်မြင်လာသည့်အချိန်တွင် အားကစားသမားများနှင့် ပြည်သူတစ်ရပ်လုံး ဝမ်းမြောက်ကျေနပ်နေကြကြောင်း၊ မိမိအနေဖြင့်လည်း ကြိုတင်ပြင်ဆင်မှုကောင်းများရရှိရန် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီပေးနိုင်ခဲ့၍ မိမိအနေဖြင့် အားရကျေနပ်မိသကဲ့သို့ နိုင်ငံတော်အတွက်လည်း ဂုဏ်ယူမိပါကြောင်း၊ ပြည်သူတစ်ရပ်လုံး ဝမ်းမြောက်ပျော်ရွှင်နေကြသည်ကိုကြည့်ပြီး မိမိအနေဖြင့်လည်း ဝမ်းသာကြည်နူးမိပါကြောင်း။

အထူးသဖြင့် မိမိနိုင်ငံဂုဏ်သိက္ခာအတွက် အကျိုးပြု အထောက်အကူပြုသည့် လုပ်ငန်းတွင် ပြည်သူ၊ ပြည်သားတစ်ယောက်အနေဖြင့် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ မိမိတတ်နိုင်သလောက် ပါဝင်ဆောင်ရွက်နိုင်ခဲ့၍ အတိုင်းမသိဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း ဝမ်းသာအားရဆိုခဲ့သည်။

ထို့အတူ ကမ္ဘောဇဘဏ်လီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝင်းနိုင်ထံ မိမိသွားရောက်မေးမြန်းခဲ့ရာတွင် ဦးဇော်ဝင်းနိုင်က "မြန်မာလူငယ်ဘောလုံးအသင်း ချန်ပီယံဆုဖလားကြီး ဆွတ်ခူးရယူနိုင်သည့်အတွက် ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့် အတိုင်းမသိ ဝမ်းမြောက်ကြည်နူးမိကြောင်း" ပြောကြားသည်။

ထို့နောက် ကူညီပံ့ပိုးရသည့် ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ "တစ်ချိန်က မြန်မာ့ဘောလုံးအားကစားသည် အာရှတစ်ခွင်တွင် လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့ပြီး မြန်မာ့ဂုဏ်ကို ဆောင်နိုင်ခဲ့ကြောင်း၊ ယခုမျက်မှောက်တွင် နိုင်ငံတော်က မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် အဘက်ဘက်က ဆောင်ရွက်နေချိန်တွင် မိမိတို့ဘဏ်အနေဖြင့်လည်း နိုင်ငံသားပြည်သူတစ်ဦးပီပီ အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် ဖြူစင်သောစေတနာဖြင့် ပံ့ပိုးကူညီနေခြင်းဖြစ်ကြောင်း၊ နောက်တစ်ချက်ကတော့ ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့် အားကစားသမားများ၏ဘဝကို မြှင့်တင်ပေးလိုသည့် စေတနာပင်ဖြစ်ကြောင်း၊ ပြည့်ဝသည့်ပံ့ပိုးမှုအောက်တွင် အားကစားသမားများအနေဖြင့် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး နောင်ရေးအတွက် အပူအပင်ကင်းစွာ၊ စိတ်အေးစွာ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်စေရန်ဖြစ်ကြောင်း" ပြောကြားခဲ့ပေသည်။

ယင်းနောက် မြန်မာ့ဘောလုံးအားကစား တိုးတက်မြင့်မားရေးအတွက် ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့် အနာဂတ်တွင် ဆက်လက်ဆောင်ရွက်ပေးမည့် ရည်ရွယ်ချက်များနှင့်စပ်လျဉ်း၍ ဦးဇော်ဝင်းနိုင်က အာရှမှသာမက ကမ္ဘာမှာပါ မြန်မာဘောလုံးအသင်း ဂုဏ်သတင်း ကျော်စောမွှေးပျံ့စေရန် ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့် ဆက်လက်ပြီး အားပေးပံ့ပိုးမှုများကို ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ယခုမျက်မှောက်တွင်လည်း မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအတွက် အထောက်အကူပြုမည့် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးအတွက် ကမ္ဘောဇဘောလုံးအသင်း နှစ်သင်းဖြစ်သည့် တံခွန်ဘောလုံးအသင်းနှင့် ညီနောင်ဘောလုံးအသင်းတို့ကိုဖွဲ့စည်းပြီး လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ အထူးသဖြင့် မြန်မာ့ဘောလုံး အဆင့်အတန်း မြင့်မားတိုးတက်ရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး၊ အားကစားနှင့်နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ယခုထက် ပိုမိုအောင်မြင်မှုများ ရရှိလာရန် နိုင်ငံသားပြည်သူတစ်ယောက်၏ ဖြူစင်သောစေတနာဖြင့် ဆက်လက်အားပေးကူညီသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပေသည်။

နိဂုံးချုပ်ဆိုရလျှင် နိုင်ငံတော်၊ ပြည်သူနှင့် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်တို့၏ တစ်ခဲနက် အားပေးချီးမြှင့်မှုကြောင့် မြန်မာ့အားကစားသည် ပြန်လည်၍ လင်းလက်တောက်ပထည်ဝါခဲ့ချေပြီ။ အထူးသဖြင့် မြန်မာ့ဘောလုံး၏ အရှုံးကြောင့် မပြုံးနိုင်ခဲ့ကြသည့် ဘောလုံးဝါသနာအိုး မြန်မာပြည်သူများအတွက် မြန်မာဘောလုံးအသင်းများ နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများတွင် အောင်ပန်းများ လှမ်းယူပေးနေခြင်းများက ပို၍ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာဖြစ်ပေသည်။ မဝေးလှသည့် အနာဂတ်ကာလတွင်လည်း နိုင်ငံတကာဘောလုံးပြိုင်ပွဲများ၌ တစ်ချိန်က ရွှေခေတ်ဘောလုံးအသင်းများသို့နှယ် မြန်မာပြန်လာပြီ၊ မြန်မာပြန်လာပါလိမ့်မည်ဟု ဆိုချင်ပါသည်။ ။

ဂုဏ်ပြုချီးမြှင့်

အေးချမ်းသာယာပြည်မြန်မာ၏ မြို့တော်ရန်ကုန်တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ပထမအကြိမ် အသက်(၁၈)နှစ်အောက် အာဆီယံ လူငယ်ဘောလုံးပြိုင်ပွဲတွင် ထိုင်းလူငယ် ဘောလုံးအသင်းကို အုပ်စုတွင်း အနိုင်ယူပြီး အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည့် မြန်မာလူငယ် ဘောလုံးအသင်းအား ကမ္ဘောဇဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝင်းနိုင်က ငွေကျပ်သိန်း ၅၀ ဂုဏ်ပြုချီးမြှင့်စဉ်။ ဓာတ်ပုံ–ညိုမောင် (သတင်းစဉ်)

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနလက်ဝယ်ရှိ အသုံးမလိုတော့သည့် အောက်ဖော်ပြပါ မော်တော်ယာဉ်ဟောင်း (၂)စီးကို မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(က) **ရောင်းချမည့်ယာဉ်** – မာဇဒါတီ ၂ဝဝဝ(၂)စီး

(ခ) **တင်ဒါတင်သွင်းရမည့်နေ့** – ၁၈–၈–၂ဝဝ၃ရက်(တနင်္လာနေ့)
အချိန် – ၉း၃ဝနာရီ

(ဂ) **တင်ဒါပိတ်မည့်နေ့** – ၂၁–၈–၂ဝဝ၃ရက်(ကြာသပတေးနေ့)
အချိန် – ၄း၃ဝနာရီ

(ဃ) **တင်ဒါဖွင့်မည့်နေ့** – ၂၂–၈–၂ဝဝ၃ရက်(သောကြာနေ့)
အချိန် – ၁၃း၀ဝနာရီ

(င) **တင်ဒါတင်သွင်းရမည့်နေရာ** – အမှတ်၂၂၈/၂၄ဝ၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန။

၂။ တင်ဒါစည်းကမ်းတင်ဒါပုံစံ(၁)စုံလျှင် ၅ဝဝဝိ/–(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် အထက်ပါ တင်ဒါတင်သွင်းရမည့်နေရာတွင် ၁၅–၈–၂ဝဝ၃နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အထက်ပါတင်သွင်းရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်–၂၅၄၁၇၂နှင့်၂၈ဝ၃၁၁သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါစနစ်ဖြင့်ရောင်းချရေးအဖွဲ့၊
ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဦးစီးဌာန(ရုံးချုပ်)
၁၉၇–၁၉၉၊ ကြည့်မြင်တိုင်အောက်လမ်း၊ ရန်ကုန်မြို့။
အကြောင်းကြားစာ

ရေအားလျှပ်စစ်ဦးစီးဌာနမှ ခေါ်ယူထားသည့် ဒု–ဦးစီးမှူး(မြို့ပြ)၊ ဒု–ဦးစီးမှူး(စက်မှု)၊ ဒု–ဦးစီးမှူး(လျှပ်စစ်)၊ ဒု–ဦးစီးမှူး(ဘူမိ)၊ ဒု–ဦးစီးမှူး(ကွန်ပျူတာ)၊ ဒု–ဦးစီးမှူး(ဓာတ်ခွဲခန်း)၊ ပုံဆွဲ(၂)ရာထူးများအတွက် ရေးဖြေစာမေးပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့်ရက်	ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၂၄–၈–၂ဝဝ၃(တနင်္ဂနွေနေ့)	မြန်မာစာ	(ဝ၉း၀ဝ)နာရီမှ(၁ဝး၀ဝ)နာရီထိ
၂၄–၈–၂ဝဝ၃(တနင်္ဂနွေနေ့)	အင်္ဂလိပ်စာ	(၁ဝး၃ဝ)နာရီမှ(၁၁း၃ဝ)နာရီထိ

ဖြေဆိုခွင့်ရရှိသည့် အမည်စာရင်းနှင့် စာမေးပွဲဖြေဆိုရမည့်သူများ၏ ခုံအမှတ်ကို ရေအားလျှပ်စစ်ဦးစီးဌာန(ရုံးချုပ်) ကြော်ငြာသင်ပုန်းတွင် ၁၄–၈–၂ဝဝ၃နေ့မှစ၍ ကြော်ငြာထားမည်ဖြစ်ပြီး ဖြေဆိုမည့်သူများသည် ၁၄–၈–၂ဝဝ၃ မှ ၂ဝ–၈–၂ဝဝ၃နေ့အတွင်း ရေအားလျှပ်စစ်ဦးစီးဌာန(ရုံးချုပ်)၊ စီမံရေးရာဌာနခွဲသို့ ရုံးချိန်အတွင်း သတင်းပို့ရန်ဖြစ်ပါသည်။

စာမေးပွဲဖြေဆိုရန် သတင်းပို့ရမည့်နေ့နှင့် ဖြေဆိုမည့်နေ့ရက်များတွင် ဘွဲ့လက်မှတ်(မူရင်း)၊ ဒီပလိုမာအောင်လက်မှတ်(မူရင်း)၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်(မူရင်း)၊ အလုပ်သမားမှတ်ပုံတင်ကတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရန်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

1. Bolt & Nut 3/4" Ø 13" အရှည် – 4300 Nos

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၂၅–၈–၂ဝဝ၃(တနင်္လာ) (၁၂း၀ဝ)နာရီ

ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် – ၂၅–၈–၂ဝဝ၃(တနင်္လာ) (၁၄း၀ဝ)နာရီ

၂။ တင်ဒါပုံစံကို အောက်ပါဌာနတွင် ၁၃–၈–၂ဝဝ၃နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
☎–၂၉၁၉၈၂၊ ၂ဝ၁၅၅၅ လိုင်းခွဲ–၆ဝ၂၊ ၆ဝ၄၊ ၆၁၃။

JOB VACANCY
(For Local Service Only)

We, Foreign Company , are seeking highly energetic person for the following post.
(1) Ass: Administration Manager M/F (1) Post
Candidate must be University Graduate. Good Command in English Speaking and Writing. Age between (30) to (35) years. Minium (3) years experience in related field.
